# လူတိုင်းအတွက်
# လွတ်လပ်စွာ
# ကိုးကွယ်ယုံကြည်ပိုင်ခွင့်



stefanus alliance international
together for the persecuted

Chin Human Rights Organization
ချင်းလူ့အခွင့်အရေးအဖွဲ့
CHRO.CA

ထုတ်ဝေသူ

**Stefanus Alliance International**

တတိယအကြိမ်ထုတ်ဝေသည့်နှစ် - ၂၀၁၅ ခုနှစ်
ပထအကြိမ် ထုတ်ဝေသည့်နှစ် - ၂၀၁၂ ခုနှစ်

ကူညီရေးသားသူများ
**Ed Brown, Kristin Storaker, Lisa Winther**

ဒီဇိုင်း : **Tyde**

© 2015 Stefanus Alliance International

စာအုပ်ပါ အကြောင်းအချက်များအားလုံးကို ပညာပေး လုပ်ငန်းများ နှင့် အခြား အကျိုးအမြတ်အတွက် မဟုတ်သည့် လုပ်ငန်းများအတွက် အသုံးပြုနိုင်ပြီး ပြန်လည်ထုတ်ဝေနိုင်သည်။ သို့ရာတွင် ယင်းကို Steffanus Alliance International အား မူရင်း ရင်းမြစ်အဖြစ် ဖော်ပြရမည်ဖြစ်သည်။

" လွတ်လပ်စွာ တွေးခေါ် ယုံကြည် ကိုးကွယ် ပိုင်ခွင့်ဟာ အာဏာရှင် အစိုးရတွေ၊ ဘာသာရေး အစွန်းရောက်တွေ နဲ့ အတွေးအခေါ် ကျဉ်းမြောင်းတဲ့ အုပ်စုတွေအတွက် ကမ္ဘာ့အနှံ့အပြားမှာ စိန်ခေါ်မှု ဆက်ဖြစ်နေပါတယ်။ ဒီအရာအတွက် သင့်လျော်တဲ့ အဖြေတွေကို ရှာနိုင်ဖို့အတွက် စိန်ခေါ်မှုတွေဟာ ဘယ်အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို သိ နေဖို့လည်း အရေးကြီးပါတယ်။အဲ့ဒီအတွက် ဒီစာအုပ်လေးက အများကြီး အထောက်အကူဖြစ်ပါတယ် - ရှင်းလင်းတယ်၊ တိကျတယ်၊ ဖတ်ဖို့လည်း လွယ်ကူတယ်။ ဒီစာအုပ် နဲ့အထဲမှာပါတဲ့ စိတ်ကူး၊ သူပေးတဲ့ အဓိပ္ပါယ်၊စာအုပ်ရဲ့ဖွဲ့စည်းပုံနဲ့ pedagogical impetus ကိုကျွန်တော် အရမ်းနှစ်သက်တယ်။ "

ဟိုင်နာဘေးလ်ဖဲလ်(ဒ်)
လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်
( ၂၀၁၀ - လက်ရှိ )

" စာအုပ်သည် လူ့အခွင့်အရေးပညာပေးခြင်း နှင့် စည်းရုံးလှုံ့ဆော်ရေးတို့အတွက် အရေးကြီးသောလက်နက် တစ်ခုဖြစ်သည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ဟာ အခွင့်အရေးများထဲမှာ ရှင်းလင်းစွာနားလည်ဖို့ရန် စိန်ခေါ်မှု အကြီးမားဆုံးတွေထဲက တစ်ခု ဖြစ်နေတယ်။ တစ်စုံတစ်ဦးရဲ့ ဘာသာတရား ယုံကြည်မှု (သို့) တွေးခေါ် ယုံကြည်မှု ကို လွတ်လပ်စွာ ကျင့်သုံးဖို့ ကို အမြဲ အထူးအလေးပေး ချိန်ညှိပေးပါတယ်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ခွင့် နဲ့ ပတ်သက်ပြီး ဆွေးနွေးကြပြီဆိုလျှင် အင်မတန်မှ emotional ဖြစ်နိုင်ပြီး ရံဖန်ရံခါ ပဋိပက္ခ များသို့ ဦးတည်နိုင်သည်။ သို့တိုင် ယင်းကိုအကြောင်းပြုလျက် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ကို deterrent ရန် (သို့) ငြင်းခုန်ဆွေးနွေးမှုကို affixiate ရန် အသုံးမပြုသင့်ပေ။

အစိုးရတွင် လျှင်ပင် အလွန်ပင် ငြင်သာသည့် အခန်းကဏ္ဍ မှ ပါဝင်ရမည်ဖြစ်သည်။ ၎င်းတို့သည် သမာသမတ် ဖြစ်ရန် အလွန်အရေးကြီးပြီး ရံဖန်ရံခါတွင်ဘာသာရေး ကို အမည်ခံလျက် ခွဲခြားဆက်ဆံခံရသူများ (သို့) ညှဉ်းပန်း နှိပ်စက်ခံရသူများ ကို ကာကွယ်ရန်အတွက်ဝင်ရောက် ဖြန်ဖြေ ရသည်။ ဤ စာအုပ်ငယ်တွင် ပါဝင် ပတ်သက်သူများအားလုံး အတွက် ကြိုးနီများ(red lines) များကို ပြောပြထားပေးသည်။ သာ၍ အရေးကြီး သည်မှာ ၎င်းတွင် ဘာသာရေးအယူဝါဒ မရှိသူများ (သို့) အခြားဘာသာ တရား အဆုံး အမ များ သို့ ကူးပြောင်း လိုသူများ၏ အခွင့်အရေး လည်း ပါဝင်သည်။ ထို့အပြင် ဘာသာတရား ရှိသူ ၊ ဘာသာတရား မရှိသူ၊အယုံအကြည် (သို့) အတွေးအခေါ် တစ်စုံတစ်ရာ လက်ကိုင်ထားသည့် တစ်ဦးတစ်ယောက်ချင်း နှင့် အုပ်စုများ အခွင့်အရေး စသည်ကို မြှင့်မိသည့် အခြေခံစည်းမျဉ်းကိုလည်း ဖော်ပြထားသည်။ "

အတ်စ်မာ ဂျာဟန်ဂီရ်
လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် ( ၂၀၀၄-၂၀၁၀ )

# လူတိုင်းလွတ်လပ်စွာကိုးကွယ်ယုံကြည်ပိုင်ခွင့် --

# ဘာကြောင့်လဲ၊ ဘာတွက်လဲ၊ ဘယ်လိုလဲ

## မာတိကာ


၁။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့်   အားလုံးအကျိုးအတွက် ၄

၂။ ဘာကြောင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့် အရေးကြီးရသလဲ။ ၇

၃။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ပိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း ၁၁

  ၃.၁။ အဓိက စာချုပ်စာတမ်းများ

  ၃.၂။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်အတွက် အတိုင်းအထွာ (၇) မျိုး

  ၃.၃။ ကန့်သတ်ချက်များ ရှိနိုင်မည်လော

  ၃.၄။ လွဲမှားစွာ နားလည်သဘောပေါက်ခြင်းများ

၄။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည် ပိုင်ခွင့်နှင့် အခြားအခြေခံအခွင့်အရေးများကြား ရှိလာနိုင်သည့် တင်းမာမှုများ ၂၀

  ၄.၁။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့် နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် - အမုန်းပွားစကားများနှင့် အသရေဖျက်မှု

  ၄.၂။ လွတ်လပ်စွာယုံကြည်ကိုးကွယ်ပိုင်ခွင့် နှင့် အမျိုးသမီးအခွင့်အရေး

၅။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့်ကို မည်သို့ ချိုးဖောက်ခြင်း ခံနေရကြသနည်း ၂၆

  ၅.၁။ ကန်ဒလင်၏ဖိစီးနှိပ်စက်မှုဆိုင်ရာ အဆင့် (၃) ဆင့်

  ၅.၂။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ပိုင်ခွင့်နှင့် ပတ်သက်သည့် ကန့်သတ်ချုပ်ချယ်မှုများ

  ၅.၃။ အစိုးရ၏ကန့်သတ်ချုပ်ချယ်မှုများ

  ၅.၄။ လူမှုအသိုင်းအဝိုင်း၏ ရန်လိုမှု

၆။ ကျွန်တော်တို့ဘာလုပ်နိုင်မလဲ ၃၁

၇။ ပို၍ နက်ရှိုင်းစွာ တူးဆွ ကြည့်ခြင်း ၃၄


## စာရေးသူအမှာစာ

ကျွန်တော်တို့ အဖွဲ့သည် လွန်ခဲ့သော သုံးနှစ်က ဤစာအုပ်ငယ်ကို ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ထိုအချိန်မှ စတင်ကာနိုင်ငံအတော်များများတွင် ထိရောက်စွာ အသုံးပြုခဲ့ပြီး ဘာသာစကား အတော်များများသို့ ဘာသာပြန်ဆိုခဲ့သည်။ ယခုအချိန်တွင်ယင်းစာအုပ်ကို ပြန်လည် ပြင်ဆင်ကာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် အခြားသော   အခွင့်အရေးများအကြား ဖြစ်လာနိုင်ချေရှိသော တင်းမာမှုများ ကဲ့သို့သော ကဏ္ဍများကို ထည့်သွင်း ရန် လိုအပ်လာသည်။ ထပ်မံဖြည့်စွက်ထားသည့် အခြား ကဏ္ဍတစ်ခုမှာ အခန်း တစ်ခန်းပြီးတိုင်း ထည့်သွင်းထားသည့်ပြန်လှန်သုံးသပ်ရန်မေးခွန်း နှင့် ဆွေးနွေးခန်း ဖြစ်သည်။

# ၁။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့် -- အားလုံးအကျိုးအတွက်



ကမ္ဘာပေါ်ရှိ လူဦးရေ အများစုတွင် ကိုးကွယ်ယုံကြည်သည့် ဘာသာတရားရှိကြသည်။ သို့သော်လူသားများ၏ လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့်ယုံကြည်ချက်ဖော်ထုတ်ခွင့်များအပေါ်တွင် ကန့်သတ်ချက်များတိုးမြင့်လာကြသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရပါသည်။[၃]

လူနည်းစုကိုးကွယ်သည့် ဘာသာတရားများကို တိုက်ခိုက်နှိပ်စက်ခြင်းနှင့် အစိုးရမှ လွတ်လပ်စွာ ယုံကြည်ခွင့်ကို ချုပ်နှောင်ခြင်းသည် အများကထင်မှတ်ထားသည်ထက် ပိုမို များပြားစွာ ဖြစ်ပျက်နေသည်။ လွတ်လပ်စွာယုံကြည် ကိုးကွယ်မှုအား ကန့်သတ်ခြင်းသည် နည်းလမ်းမျိုးစုံဖြင့် ရှိလာပြီး စည်းစနစ်ချ ကြမ်းတမ်းစွာ ခွဲခြားဆက်ဆံခြင်း၊ ဖမ်းဆီးထောင်ချခြင်း၊ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း တို့ အပြင်သတ်ဖြတ်ခြင်းအဆင့်အထိ ကျူးလွန်လာနေကြသည်။

၂၀၁၅ခုနှစ် ဧပြီလ ၁၇ ရက်တွင် အိန္ဒိယနိုင်ငံအာသံပြည်နယ်ရှိ ရွာတစ်ရွာတွင် ခရစ်ယာန်ဘုရားကျောင်း တစ်ခုအတွင်း ဘုရားရှိခိုးအပြီး ထမင်းသုံးဆောင်ကြချိန်၌ ဟိန္ဒူအစွန်းရောက်များ မှ ခရစ်ယာန်ဘာသာဝင်များအား အကြမ်းဖက်တိုက်ခိုက်မှု တစ်ခု ဖြစ်ပွားခဲ့သည်။ အနည်းဆုံး လူ ၁၅ ဦး ဒဏ်ရာ ရရှိခဲ့ပြီး ယင်းထဲတွင် အသက် ၇ နှစ် အရွယ် ကလေးမလေး တစ်ဦးလည်း ပါဝင်ခဲ့သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ လလယ်တွင်လည်း အဇာဘိုင်ဂျန် နိုင်ငံ၊ နာခီချီဗန် ရှိ အာဏာပိုင်များသည် မွတ်ဆလင် ဘာသာဝင် ၂၀၀ ခန့် ကို ဖမ်းဆီးခဲ့ပြီး အီရန်အဆက်အသွယ်ရှိနေသည်ဟု ၎င်းတို့ယူဆထားသည့် ဗလီ အမြောက် အမြားကို အတင်းအဓမ္မ ပိတ်ပစ်ခဲ့သည်။ ရက်အနည်းငယ်အကြာတွင် ဖမ်းဆီးခံရသူ အများစုကို ပြန်လည် လွှတ်ပေးခဲ့သည်။ တစ်ဖန် ၂၀၁၄ ခုနှစ် မတ်လတွင် ရဲမှ ဟောင်ဟောင် (Hao Hao) ဗုဒ္ဓဘာသာ ပွဲတော်ကို အနှောက်အယှက် ပြုမှု ဗီယက်နမ် နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး ပွဲတော်လာရောက် ဆင်နွှဲသူများအား ရိုက်နက် ဖမ်းဆီးကာ အသက် ၈၀ အရွယ် ရှိ အမျိုးသမီးတစ်ဦးအား ရိုက်နက်ကာ မြေပြင်ပေါ်တွင် သတိလစ်ဝတ်လစ်စလစ်ဖြင့် ကြိုးတုပ်လျက် ထားခဲ့ ကြသည်။

ယီမင်အာဏာပိုင်များသည် ယီမင်နိုင်ငံသား ဗဟာ ဘာသာ ကိုးကွယ်သူအားလည်း မွတ်ဆလင် အဖြစ်မှဗဟာ ဘာသာ ဝင် အဖြစ် ကူးပြောင်းမှုအတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မဟုတ်မမှန် တရားစွဲခဲ့သည်။ ထိုအချိန်တွင် ထောင်ထဲ တစ်နှစ်ကြာအောင်အမှု စစ်ဆေးခြင်း မရှိဘဲနေခဲ့ပြီးဖြစ်ကာ ညှဉ်းပန်းနှိပ်စက် မှု များကိုလည်း ခံရပြီးဖြစ်သည်။

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ကမ္ဘာတစ်ဝှမ်းမှ အစိုးရအများစုကသဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ် စာတမ်းများတွင် ဖော်ပြထားသည့်တိုင်အောင် ကမ္ဘာပေါ်ရှိ လူအများအပြားတွင် မိမိတို့ ယုံကြည်ကိုးကွယ်ချင်ရာကို ယုံကြည်ခွင့် မရကြပုံ၊ မိမိတို့ကိုးကွယ်ရာကို လွတ်လပ်စွာ ဖော်ပြခွင့် ပြောင်းလဲခွင့် စသည်တို့ကို မရကြကြောင်း အထက်ပါ ဖြစ်ရပ်များက သက်သေ ထူနေသည်။

ဤစာအုပ်ငယ်တွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့်ပတ်သက်ပြီး အဘယ်ကြောင့် အရေးကြီးရခြင်း၊ မည်သည့်အချက်များက အဓိကကျသော အချက်များဖြစ်ကြောင်း နှင့် မည်သို့ အလွဲသုံးစား လုပ်တတ် ကြကြောင်း နှင့် မည်သို့မြှင့်တင်၍ ရကြောင်းစသည်တို့ကို Stefanus Alliance International မှ ရှင်းပြသွားမည်ဖြစ်သည်။ စာအုပ်ငယ်၏ ရည်ရွယ်ချက်မှာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန် စိတ်ဝင်စားသူမည်သူမဆိုအတွက် tool တစ်ခု ပေးရန် ဖြစ်သည်။ ထို့ပြင် ကမ္ဘာတစ်ဝှမ်းတွင် အခြေခံကျသည့် ထိုအခွင့်အရေး ကို မြှင့်တင်ကာကွယ်ရန် အတွက် လည်း အသုံး ပြုသွားကြရန် မျှော်လင့်ပါသည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကိုမြှင့်တင်ခြင်းသည် ကာကွယ်မြှင့်တင် လေးစား ခြင်းသည် tolerance နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုရှိသော ဘာသာပေါင်းစုံ လူမှုဝန်းကျင် တစ်ခုပေါ်ပေါက်လာစေရန်အတွက် အရေးပါသည့် မရှိမဖြစ် အရာ တစ်ခုဖြစ်သည်။ ၅

(က) ၂၀၁၅ ခုနှစ် မေလအတော်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ၁၆၈ နိုင်ငံသည် နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာစာချုပ် ( International Covenant on Civil and Political Rights ) ကို သဘောတူ စာချုပ် ချုပ်ဆိုပြီးဖြစ်ကြသည်။ အဆိုပါ စာချုပ်၏ အပိုဒ် (၁၈) ၌ လူတိုင်း တွင် လွတ်လပ်စွာ တွေးခေါ် ယုံကြည် ခွင့်နှင့် ကိုးကွယ်ခွင့် ရှိသည်ဟု ဖော်ပြထားသည်။

## မြန်မာနိုင်ငံမှ မွတ်ဆလင် ဆန့်ကျင်ရေး လှုပ်ရှားမှု

မြန်မာနိုင်ငံသည်  ဗုဒ္ဓဘာသာဝင် အများစုနေထိုင်သည့် နိုင်ငံဖြစ်ပြီး အခြားလူနည်းစု ကိုးကွယ်သည့် ဘာသာဝင် အုပ်စုများလည်းရှိကာ ယင်းထဲတွင်ရိုဟင်ဂျာမူဆလင်များ လည်း ပါဝင်သည်။ ရိုဟင်ဂျာ  အများစုမှာ ရခိုင်ပြည်နယ် တွင်နေထိုင်ကြသည်။ မြန်မာနိုင်ငံ အာဏာပိုင်များသည် ရိုဟင်ဂျာ မွတ်ဆလင် အများစုကို  နိုင်ငံသားအဖြစ်အသိ အမှတ်ပြုထားခြင်းမရှိသည့် အတွက်  ခွဲခြားဆက်ဆံမှု အခံရဆုံး နှင့်  လူ့အခွင့်အရေး  ချိုးဖောက်မှု  အများဆုံး ခံရသူများဖြစ်ကြသည်။၂၀၁၂ခုနှစ်ဇွန်လတွင်မွတ်ဆလင် အမျိုးသား ၃ ဦး သည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦး ကို မုဒိမ်းကျင့် သတ်ဖြတ်မှု ဖြင့် စွပ်စွဲခဲ့မှုမှ စတင်ကာအဓိ ကရုဏ်း စတင်ခဲ့သည်။ အုပ်စုနှစ်ဖက်စလုံးမှအကြမ်းဖက် မှုများ ကျူးလွန်ခဲ့ကြသည်။ သို့ရာတွင်အဆိုပါအကြမ်းဖက် မှုသည်အနေအထားပြောင်းလဲသွားခဲ့သည်။  ရခိုင်ပြည်သူ များနှင့် မြန်မာ့လုံခြုံရေး တပ်များက မွတ်ဆလင်များအား ပစ်မှတ်ထား တိုက်ခိုက်မှုများ  ရှိလာသည်။  ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင်စနစ်တကျကြိုတင်စီစဉ်ထားသည့် ရိုဟင်ဂျာ အကြမ်းဖက်မှု  ဖြစ်ပွားခဲ့ပြီးအဆိုပါ  အကြမ်း ဖက်မှုတွင်  ဗုဒ္ဓဘာသာဝင် ဘာသာရေးခေါင်းဆောင်များ နှင့် နိုင်ငံရေး အထင်ကရရှိသူများလည်း   ပါဝင်ခဲ့သည်။ ရိုဟင်ဂျာ ရွာများကို ထောင်ချီသော လူအုပ်ကြီးကအငိုက် ဖမ်းတိုက်ခိုက်ခဲ့ပြီး မီးတိုက်ခဲ့သည်။



ရာပေါင်းများစွာ သောရိုဟင်ဂျာများ ရက်စက်စွာ သတ်ဖြတ် ခံခဲ့ရပြီး  ထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာခဲ့ရသည်။ မွတ်ဆလင်များ နေထိုင်ရာပတ်ဝန်းကျင်တစ်ခုလုံးပျက်စီး သွားခဲ့ရသည်။ ရဲ တပ်ဖွဲ့ဝင်များက ရိုဟင်ဂျာ များအား အကာအကွယ်  မပေးနိုင်ခဲ့သည့် အပြင်  အချို့မှာ ရိုဟင်ဂျာနှိမ်နင်းရေးတွင်ပင် တက်ကြွစွာပါဝင်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်မှ  စတင်ကာ ရိုဟင်ဂျာမွတ်ဆလင်များ အနည်းဆုံး ၂၀၀ ၀၀၀ခန့် အိုးအိမ်စွန့်ခွာ သွားခဲ့ရပြီး အကူ  အညီများ  အသည်းအသန် ဆက်လက် လိုအပ် နေကြသည်။ အများစုမှာ ပြည်တွင်း အိုးအိမ်မဲ့ စခန်းများ တွင်  နေထိုင်နေကြရသည်။ အကြမ်းဖက်မှု ကျူးလွန်သူ များသည် ယနေ့တိုင်ပြစ်ဒဏ်ပေးခံရခြင်း မရှိသေးဘဲခံရ သူများကလည်း ယနေ့တိုင်နစ်နာမှုအတွက်တစ်စုံတစ်ရာ ပေးလျော်ခံရခြင်း မရှိသေးပေ။

ရင်းမြစ် ။ ။ Fortify Rights, 2014 "Policies of Persecution"

# ၂. FoRB က ဘာကြောင့် အရေးကြီးရသလဲ။

ကမ္ဘာ့ကုလသမဂ္ဂကို တည်ထောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် သမ္မတကို ဖရန်ကလင် ဒီရုစဗဲ့က လူမျိုးတစ်မျိုးနှင့် တစ်မျိုး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန် အတွက် အခြေခံ လူ့ အခွင့်အရေး (၄)ချက်ကို ဖော်ပြခဲ့သည်။ ၄င်းတို့ မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်၊ လိုအပ်ခြင်းမှ ကင်းဝေးခြင်းနှင့် အကြောက်တရားမှ ကင်းလွတ်ခွင့်တို့ ဖြစ်သည်။ လွတ်လပ်စွာ တွေးတောခွင့်၊ ခံယူခွင့်နှင့် ယုံကြည်ခွင့်မှာ FoRB ကို ရည်ညွှန်းထားပြီး ဒီမိုကရေစီ အသိုင်းအဝိုင်း၏ အခြေခံ အရင်းအမြစ် ဖြစ်ပါသည်။

ဘာသာတရား လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကိုတရားမဝင်ပိတ်ပင်ခြင်းနှင့်နှိပ်စက်ခြင်းတို့ မှာ ကမ္ဘာတစ်ဝန်းတွင် ရှိနေပြီး ၄င်း၏ အကျိုးဆက်က ဘာသာမဲ့နှင့် ဘုရားရှိ၊ မရှိ ဝေဝါးသူများ အပါ အဝင် ဘာသာရေးအားလုံးကို ထိခိုက်စေ ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံ (၃၇%) ခန့် တွင် ဘာသာ ရေး လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ပိတ်ပင်ထားကြပါသည်။ယင်းကဲ့သို့ ပြင်းထံစွာ ဘာသာရေး လွတ်လပ်ခွင့် ပိတ်ပင်ထားသည့် နိုင်ငံများမှာ လူဦးရေ အလွန်ထူထပ် များပြားသည့် နိုင်ငံများဖြစ်ကြပြီး လူဦးရေပေါင်း (၇) ဘီလျံ ရှိသည့် ကမ္ဘာတွင်လေးပုံ သုံးပုံခန့် မှာ ဘာသာရေးလွတ်လပ်ခွင့် ပိတ်ပင်ထားသည့် နိုင်ငံတွင် နေထိုင်ကြသည် ။ ထို နိုင်ငံများတွင် နေထိုင်သည့် လူမျိုးများတွင် အပြင်းဆုံး ဒဏ်ခံရသူများမှာ လူနည်းစုဘာသာကိုးကွယ်သည့် လူမျိုးငယ်များဖြစ်ပြီး ထိုသူများကို လူမျိုးကြီးများမှ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတွင် ခြိမ်းခြောက်သူများ အဖြစ်သတ်မှတ် ထားကြသည်။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အရေးကြီးရခြင်းမှာ တစ်ဦးချင်းစီတွင် ဘာသာရေးကို အခြေခံ သည့်လက္ခဏာများ၊ ကိုယ်ပိုင်ယုံကြည်မှုများ တည်ဆောက်ခွင့်နှင့် ယင်းယုံကြည်မှုများကိုကျင့်သုံး ဖော်ထုတ်ခွင့်တို့ အား လူတိုင်းကို ပေးစွမ်းနိုင် ခြင်းကြောင့် ဘာသာရေး လွတ်လပ်ခွင့်သည် လွန် စွာ အရေးပါသည်။

- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်သည် ယင်းကိုယ်တိုင်အရေးပါသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ အကြောင်းမှာ၄င်းသည် လူတစ်ဦးချင်းစီအား မိမိကိုယ်ပိုင် အမြင်နှင့် ယုံကြည်မှုရှိနိုင်ရန်ခွင့်ပြုထားပြီးယင်း ယုံကြည်မှုအား ကျင့်သုံးရန်နှင့် ဖော်ပြရန်လည်း ခွင့်ပြုထားသည်။



ဘာသာတရားဆိုသည်မှာ ယုံကြည်မှု နှင့် လိုက်နာကျင့်သုံးမှု တို့အား ပေါင်းစပ်ထားခြင်းဖြစ်သော်လည်း ကမ္ဘာတစ်ဝန်း ရှိနိုင်ငံများနှင့် လူ့ အသိုင်းအဝိုင်းများတွင် ယင်းသည် လူ တစ်ဦးချင်းစီ ၏ ဝိသေသ နှင့် မိမိဖြစ်တည်ပါဝင်ရာ အသိုင်းအဝန်း အဖြစ်လည်း လက်ခံထားကြပြန်သည်။

- FoRB အား ချိုးဖောက်ခြင်းသည် အခြား အရပ်သား များ၏ နိုင်ငံရေး အခွင့်အရေးကို ချိုးဖောက်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ အသက်ရှင်သန်ခွင့်၊ တစ်သီးတစ်သန့်နေခွင့်၊ စုရုံးစုဝေးခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ အပါအဝင် စီးပွားရေး၊ လူမှုရေးနှင့် ရိုးရာဓလေ့အခွင့်အရေးနှင့် ပတ်သက်နေသည်။လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်မည်မျှရရှိသည်ဆိုသည့်အချက်သည်နိုင်ငံတစ်နိုင်ငံ၏လူ့အခွင့်အရေးအခြေအနေကို ဖော်ညွှန်း နိုင်သည်။ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို ကန့်သတ်ထားပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လည်း ကန့်သတ်ပြီးဖြစ်သွားသည်။ ယုံကြည်ချက်ကြောင့် အကျဉ်း ကျခံသူများ အနေဖြင့်လည်း တရားမျှတစွာ တရားဘောင်ရင်ဆိုင်နိုင်ခွင့်ကိုဆုံးရှုံးသွားသည်။ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ ရွှေ့ပြောင်းလုပ်သား နှင့် ဒုက္ခသည်များ အပေါ် ထိခိုက်နစ်နာမှုများဖြစ်စေပါသည်။ ဘာသာရေးကို အခြေခံ၍ လူနည်းစု ကိုးကွယ်သည့် ဘာသာများအပေါ်ခွဲခြားဆက်ဆံခြင်းသည် လူနည်းစုမျိုးနွယ်စုများ၏ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်စေပြီး လူမှုအသိုင်းဝိုင်းတွင်လည်း မငြိမ်သက်မှုများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဘာသာရေး လွတ်လပ်ခွင့်အတွက်လုပ်ဆောင်ခြင်းအားဖြင့် လူတိုင်းအတွက် အကျိုးဖြစ်ထွန်း စေမည့် လူ့အခွင့်အရေးမြှင့်တင် ရာလည်းရောက်ပေသည်။[၁၀]

- ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် အရပ်ဘက် အဖွဲ့အစည်းများ - လူမှုအဖွဲ့အစည်းများသည် လုပ်ပိုင်ခွင့် နှင့် အာဏာ လက်ကိုင်ထားသူများအား တာဝန်ယူတာဝန်ခံခိုင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်

ကြသူများဖြစ်သည်။ အာဏာလက်ကိုင်ထားသူများအတွက် အထိန်းအညှိ ပေးသူများအဖြစ် အရေးပါသူများလည်း ဖြစ်သည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုကိုကန့်သတ်ထားခြင်းသည် အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖွဲ့စည်း စုရုံးနိုင်မှု နှင့် အပြောင်းအလဲများ လုပ်ဆောင်နိုင်မှုကို လျှော့ချပေးသည်။ ဘာသာရေးကို အခြေခံသည့် လှုပ်ရှားမှုများသည် ပြည်သူလူထုအား အောက်ခြေအဆင့်တွင် လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခွင့်ပေးနိုင်သဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့တွင်အရေးပါသည့် ကဏ္ဍများမှ ပါဝင်ခွင့် ဖန်တီးပေးနိုင်သည်။ အာဏာရှင်စနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ယင်းကဲ့သို့ လူ့အဖွဲ့အစည်း အင်အားကြီးမားလာမည်ကို ကြောက်ရွံ့ကာ ဘာသာရေးချုပ်ချယ်နေသည်ကို တွေ့ရသည်။အကယ်၍အစိုးရများသည်၎င်းတို့၏ တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုအပြည့်အဝပေးထားမည်ဆိုပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေး နှင့် အားကောင်းသည့်လူမှုအသိုင်းအဝိုင်းဖြစ်ပေါ်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်သည်။[၁၁]

- လူမှုစီးပွား အခြေအနေကောင်းမွန်ခြင်း နှင့် တည်ငြိမ်ခြင်း -သုတေသနပြုတွေ့ရှိချက်များအရ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့် အခြေအနေ သည် အကြမ်းဖက်မှုဖြစ်ပွားနှုန်း နှင့် သာမက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွား အခြေအနေ ကောင်းမွန်မှုတို့နှင့် နီးကပ်စွာ အပြန်အလှန်ဆက်စပ်နေကြသည်ကိုတွေ့ရှိရသည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုအား ကန့်သတ်ခြင်းသည် အောက်ပါတို့ နှင့် များစွာပတ်သက်ဆက်စပ်နေသည်ကိုတွေ့ရပါသည်။

    - စီးပွားရေး - FoRB ကို ကန့်သတ်ချုပ်ချယ်တဲ့တိုင်းပြည်မှာ GDP ကျဆင်းပြီး ကမ္ဘာကုလသမဂ္ဂ၏ လူသားဖွံ့ဖြိုးမှုတိုင်းတာချက်(HDI)မှာလည်းပိုမို နိမ့်ကျနေသည်ကို တွေ့ရပါသည်။

- ကျန်းမာရေး - လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ချုပ်ချယ်ခံရသည့် တိုင်းပြည်တွင် ကျန်းမာရေး နှင့်ပတ်သက်၍လည်း ဆိုးကျိုး သက်ရောက်မှု ရှိသည်ကို တွေ့ရသည်။ ဘာသာရေးချုပ်ချယ်မှုမရှိသည့်ဒေသများနှင့် နှိုင်းယှဉ်လျှင် မွေးဖွားကလေးသေဆုံးမှုနှင့်ပေါင်ချိန်သတ်မှတ်ချက်ထက် နည်းနေသည်ကို တွေ့ရသည်။

- အကြမ်းဖက်ပဋိပက္ခများနှင့် မြင့်မားသည့် စစ်ရေးအသုံးစရိတ်များ - နိုင်ငံအတော်များများတွင် ဘာသာရေးစုံလင်ခြင်းနှင့်ယဉ်ကျေးမှုကွဲပြားများပြားခြင်းတို့ကို ခြိမ်းခြောက်မှုများ အဖြစ် ရှုမြင် ကြသည်။ အစိုးရအများအပြားသည် အမျိုးသား သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့ အတွက် ဘာသာရေး လွတ်လပ်ခွင့်ကို ထိန်းချုပ်ကန့်သတ်ရန် ကြိုးပမ်းကြသည်။ သို့ရာတွင် ဘာသာရေး ပဋိပက္ခများ နှင့် ညှဉ်းပန်းနှိပ်စက်မှုများရှိနေခြင်းအတွက်အကြောင်းရင်းများ အနက် နိုင်ငံတွင်းရှိနေသည့် ဘာသာတရား အရေအတွက်မှာအဓိကကျခြင်းမဟုတ်ကြောင်းလေ့လာဆန်းစစ်ချက်အရ သိရသည်။ အမှန်တကယ် အဓိကကျသည့် အကြောင်းရင်းမှာ အစိုးရ၏ ဘာသာရေးအပေါ်ကန့်သတ်ချုပ်ချယ်မှုများ သာဖြစ်သည်၊ အစိုးရတစ်ရပ်သည်ဘာသာရေးကို အခြေခံလျက် ခွဲခြားဆက်ဆံမှုများ ပြုလုပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုကျူးလွန်သူများကိုလည်းပြစ်ဒဏ်ချမှတ်ခြင်း မပြုဘဲ ထားပါက ဘာသာရေးကိုအကြောင်းပြုသည့် ညှဉ်းပန်း နှိပ်စက်မှု များသည်တရားဝင်သကဲ့သို့ ဖြစ်လာပြီး လူမှုအသိုင်းအဝိုင်းအတွင်း အပြန်အလှန်ကျူးလွန်ကြသည့်အကြမ်းဖက်မှုများ အတွက် နေရာပိုရှိသွားသည်။ထိုအခါ လူမှုအကြမ်းဖက် တင်းမာမှုများကိုထိန်းချုပ်နိုင်ရန်အတွက် အစိုးရဘက်မှကန့်သတ်မှုများ ပြုလုပ်ရပြန်သဖြင့် ဘာသာရေး ကိုအကြောင်း ပြုလျက် ဖိစီးနှိပ်စက်မှုများပိုမိုများပြားလာမည်သာဖြစ်သည်။အဆုံးတွင်အကြမ်းဖက်မှု နှင့် ကန့်သတ်ချုပ်ချယ်မှုများ သံသရာစက်ကွင်းလည်ပတ်နေမည်သာဖြစ်သည်။ အမှန်စင်စစ်လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကမူ ဘာသာရေး အုပ်စုများကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရန် အခြေအနေများကို ဖန်တီးပေးနိုင်သည်။

အကျိုးဆက် အနေဖြင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် လူတစ်ဦးချင်း၏ အခြေခံလွတ်လပ်ခွင့်သာမက နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီ နှင့် စီးပွားရေးအခြေအနေ၊ တိုင်းပြည်သူပြည်သား နေထိုင်ကောင်းမွန်ရေး ၊ ရပ်ရွာ တည်ငြိမ်အေးချမ်းမှုနှင့်ငြိမ်းချမ်းရေးတို့ အတွက်လည်း အရေးပါသည်။ လွတ်လပ်မှုကိုချိုးနှိမ်ခြင်းသည် ပြည်တွင်းတွင်သာမကဘဲ နိုင်ငံတကာ အသိုင်းအဝိုင်းများအထိပါ ဆိုးကျိုး သက်ရောက် စေတတ် ပါသည်။ ထို့ကြောင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုသည် လူတိုင်းအတွက် အလွန်အရေးကြီးသည်။ ဘာသာတရား ရှိသူ တစ်ဦးချင်းစီ နှင့် ဘာသာတရား မရှိသူ လူတိုင်းအတွက် သာတူညီမျှ အရေးကြီးပါသည်။



အခန်းတစ်ခန်းစီ ၏ အဆုံးပိုင်းတွင် ပါရှိသော မေးခွန်း ကဏ္ဍ သည် အရေးပါသည့် အချက်အလက် များ ကို ပြန် လည် သုံးသပ်ရန် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

# သုံးသပ်ဆွေးနွေးရန် မေးခွန်းများ

၁။ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုသင်ဘယ်လို နားလည်ပါသလဲ။ သင်နဲ့ တခြား လူတွေအတွက် ဘယ်လို အရေးပါတာပါလဲ။ မတူညီတဲ့ လူတွေ အတွက် ဒီ လွတ်လပ်ခွင့်ရဲ့ အရေးပါပုံက ကွာခြားသွားတယ်လို့ သင်ထင်ပါသလား။ ဘာ့ကြောင့်ပါလဲ။

၂။ ဘာသာလွတ်လပ်ခွင့် ချိုးဖောက်မှုတွေ နဲ့ပတ်သက်ပြီးတော့ သင် ဘာတွေ ကြားဖူး ပါသလဲ။ ဘာတွေ ဖတ်ဖူး ပါသလဲ။

၃။ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့် ဟာ တခြား လူ့အခွင့်အရေးတွေ နဲ့ ဘယ်လို အပြန်အလှန် ဆက်စပ်တယ် ဆိုတာကို ဥပမာ ပေးနိုင်မလား။ ဘယ်ဟာတွေက ဆက်စပ်နေပြီးတော့ ဘယ်လို ဆက်စပ်နေတာလဲ။

၄။ လူမှုဝန်းကျင်မှာ ဒီမိုကရေစီနည်းလမ်းကျတဲ့ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းလာစေဖို့ဘာသာရေး အစုအဖွဲ့ တွေဟာဘယ်လိုကောင်းမွန်တဲ့အခန်း ကဏ္ဍ ကနေ ပါဝင်ကြတာပါလဲ။ ဒါဖြစ်လာစေဖို့ ဘယ်လို အခြေအနေမျိုးတွေရှိနေဖို့လိုအပ်တယ် လို့သင်ထင်ပါသလဲ။

၅။ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် ဘယ်လိုပံ့ပိုးမှုတွေ နဲ့ ဖြည့်ဆည်း ပေးနိုင်တယ် လို့ သင်ထင်ပါသလဲ။

# ၃.လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် ဆိုသည်မှာ အဘယ်နည်း။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်သည် လူတိုင်းကိုဘာသာတရား(သို့) ယုံကြည်မှု ရှိခွင့် ၊ ကိုးကွယ်သည့် ဘာသာ (သို့) ယုံကြည်မှု ရှိခွင့် နှင့် ဘာသာတရား (သို့) ယုံကြည်မှု အတိုင်း ကျင့်သုံးခွင့် တို့ကို ပေးထား
၁၅ သည်။ အခြား လူ့အခွင့်အရေးများ ကဲ့သို့ပင် လူတစ်ဦးချင်းစီသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ၏ မူလ အခွင့်အရေးပိုင်ရှင်များဖြစ်ကြသည်။ အစိုးရသည်လည်း မူလ တာဝန်ရှိသူဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တွင် အချို့သော အစုအဖွဲ့ဆန်သည့် ရှုထောင့်များလည်းရှိနေသည်။ သာဓကအားဖြင့် ဘာသာရေး အစုအဖွဲ့ အဖြစ် ဥပဒေရှေ့မှောက်တွင် အသိအမှတ်ပြုခံရပိုင်ခွင့်၊ အတွင်းရေးရာများ နှင့် ပတ်သက်ပြီး ဆုံးဖြတ်ပိုင်ခွင့် ဥပမာ - သင့်တင့်လျောက်ပတ်သည့် ခေါင်းဆောင်များကို ရွေးချယ်ခြင်း၊ ဘာသာရေးကျောင်းများ တည်ထောင်ပိုင်ခွင့် နှင့် အများပြည်သူအတွက် ဝန်ဆောင်မှုများ ပေးပိုင်ခွင့် စသည်တို့ရှိပိုင်ခွင့်ရှိသည်။



## ၃.၁ အဓိကစာချုပ်စာတမ်းများ

FoRB နှင့်ပတ်သက်သည့် အဓိက နိုင်ငံတကာ စာချုပ်စာတမ်းများမှာ

- ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ ပုဒ်မ၊ (၁၈)။
- ICCPR ပုဒ်မ (၁၈)
- ၁၉၈၁ ခုနှစ်က ထုတ်ပြန်ကြေညာသည့် ဘာသာရေးနှင့် ယုံကြည်မှုကို အခြေခံပြီး ခွဲခြားဆက်ဆံရေးနှင့် ပယ်ထုတ်ခြင်း ယေဘူယမှတ်ချက် ၂၂
- လူ့အခွင့်ရေးကော်မတီက ICCPR ပုဒ်မ (၁၈)နှင့် ပတ်သက်ပြီး ဖော်ပြ။

ဤ FoRBနှင့် ပတ်သက်၍ လိုက်နာ ကတိဝန်ခံချက်မထိုးသည့်တိုင်အောင် ယင်းလွတ်လပ်ခွင့်ကို နိုင်ငံတကာ အခြေခံဥပဒေအဖြစ် ခံယူထားပါသည်။ ထို့အပြင် FoRBနှင့်ပတ်သက်၍ နိုင်ငံတကာ စာချုပ်စာတမ်းများတွင်ဒေသဆိုင်ရာ စာချုပ်စာတမ်းများလည်း ပါရှိပါသည်။ သတိပြုရမည့်အချက်တစ်ခုမှာ အဆိုပါစာချုပ်စာတမ်းများတွင် FoRBကို အဓိပ္ပါယ်ဖွင့်ဆိုချင်းခြားနားပြီး ICCPR စာချုပ်စာတမ်းလောက် FoRBကို အကာအကွယ်ပေးထားခြင်း မရှိကြခြင်းဖြစ်သည်။

- EU ကောင်စီ၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့် အပိုဒ် (၉ )
- EU အဖွဲ့အစည်း လုံခြုံရေးနှင့် ပူးပေါင်းရေးဆိုင်ရာ အပိုဒ် (၁၆) ၁၉၈၆ ဗီယန်နာ
- အာဖရိက ပြည်သူနှင့် ပြည်သား အခွင့်အရေး အပိုဒ် (၈)
- အာရပ် လူ့အခွင့်ရေး .... အပိုဒ် ၂၆ နှင့် ၂၇
- အမေရိက လူ့အခွင့်အရေးစာချုပ် ပါ အပိုဒ် (၁၂)

# ၃.၂ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် အတွက် အတိုင်းအထွာ ခုနစ် မျိုး

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်သည် လက်တွေ့တွင် မည်သို့ အဓိပ္ပာယ်သက်ရောက်မှုရှိသနည်း။ အစိုးရသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၏ အောက်ပါ အချက် (၇) ချက်ကို လေးစား မြှင့်တင်ကာကွယ် ရန် တာဝန်ရှိသည်။



**၁။ ယုံကြည်ကိုးကွယ်မှု ကို လွတ်လပ်စွာ ရွေးချယ် ရှိခွင့် နှင့် ပြောင်းလဲပိုင်ခွင့်**

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်းပင် လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်သည်လူတိုင်းကိုယုံကြည်ကိုးကွယ်ရာ ရှိခွင့် နှင့် လွတ်လပ်စွာ ကူးပြောင်းပိုင်ခွင့်ကို ပေးအပ်ထားသည်။ ယင်းကို တစ်ကိုယ်ရေ လွတ်လပ်ခွင့်ဟုခေါ်ကာ မည်သူ တစ်စုံတစ်ယောက်ကမျှ မည်သည့်နည်းဖြင့်ဖြစ်စေ ကန့်သတ်ချုပ်ချယ်ပိုင်ခွင့်မရှိသောအခွင့်အရေးဖြစ်သည်။ လူ့အခွင့်အရေး စာချုပ်စာတမ်းများအရ ယင်းအခွင့်အရေးကိုမည်သည့်ခြွင်းချက်မျှ ပေးအပ်ထားခြင်း မရှိဘဲ အကြွင်းမဲ့ အကာအကွယ်ပေးအပ်ထားသည်။ [၁၉]

သို့တိုင် တစ်စုံတစ်ဦး၏ ဘာသာတရား ကူးပြောင်းပိုင်ခွင့်သည် ငြင်းခုံနေရဆဲဖြစ်ပြီး စိန်ခေါ်မှုများ နေဆဲ ဖြစ်သည်။ Religious identity ကို ရံဖန်ရံခါတွင် လူမျိုး (သို့) နိုင်ငံသား identity အဖြစ် မြင်ကြလေ့ရှိသည်။ သို့ရာတွင် တစ်စုံတစ်ဦးအား ဘာသာတစ်ခုမှ တစ်ခု သို့ ကူးပြောင်းပိုင်ခွင့်ကို ကန့်သတ်လိုက်သည့် အချိန်တွင်ပြဿနာဖြစ်လာသည်။အဘယ့်ကြောင့်ဆိုသော် လူမျိုး နှင့်ဘာသာ တရားမှာ အစဉ်အလာအရ တစ်ထပ်တည်းကျနေသည့်အရာများ မဖြစ်နေခြင်းကြောင့် ဖြစ်သည်။ အစိုးရအများအပြားက မိမိတို့ အုပ်ချုပ်နေသည့် လူစုများကို ဘာသာတရား တစ်ခုခုသို့ဝင်ရောက် ခွင့်၊ ပြောင်းလဲခွင့်နှင့် ထွက်ခွာခွင့် တို့မှ ကန့်သတ်ထားသည်။ နိုင်ငံအတော်များများတွင် ဘာသာ တရား တစ်ခုမှနောက်တစ်ခုသို့ကူးပြောင်းရန် ရွေးချယ်သူများသည်လူမှုအသိုင်းအဝိုင်းမှခြိမ်းခြောက် မှုနှင့် အကြမ်းဖက်မှုတို့ကို ခံရသည်။တစ်စုံတစ်ဦး၏ ကိုးကွယ်သည့်ဘာသာကို ဖော်ပြရန် လိုအပ် သည့်မှတ်ပုံတင် နှင့် ဖြည့်စွက်ရသည့် အခြား အစိုးရ ပုံစံများကို ခွဲခြား ဆက်ဆံရန် နှင့် ညှဉ်းပန်း နှိပ်စက်ရန်အသုံးပြုကြသည်။

## ၂။ အပြင်ပိုင်းဆိုင်ရာ လွတ်လပ်မှု

ကိုးကွယ်ယုံကြည်ခွင့်နှင့် ပတ်သက်၍ ဖော်ထုတ်ခွင့်နှင့် မြှင့်တင်ခွင့်ပေးထားပါသည်။ ဤလွတ်လပ် ခွင့်သည် တစ်ဦးတည်း (သို့) လူထုထံ လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့်မြှင့်တင်ခွင့်ပေးထား ပါသည်။ ထို့အပြင် အောက်ပါ အခွင့်အရေးများကိုလည်း ပေးထားသည်။ ၎င်း အခွင့်အရေးများမှာ

- ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ပိုင်ခွင့်
- လူသားချင်းစာနာမှု အထောက်အပံ့များပေးသည့် အဖွဲ့များဖွဲ့ခွင့်နှင့် တည်မြဲပိုင်ခွင့်
- ကိုးကွယ်ယုံကြည်ခွင့်နှင့် ပတ်သက်၍ လိုအပ်သလို စာစောင်နှင့် ကိရိယာ ပစ္စည်းများ ပြုလုပ်ပိုင်ခွင့်
- ကိုးကွယ်ယုံကြည်ခွင့်နှင့် ပတ်သက်၍ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပိုင်ခွင့်နှင့် ဖြန့်ဝေပိုင်ခွင့်
- သင့်တော်သည့် နေရာတွင် ဘာသာရေး အဆုံးအမများကို သင်ကြားပိုင်ခွင့်
- အဖွဲ့စည်းထံ၊ ပုဂ္ဂိုလ် တစ်ဦးထံမှ သော်လည်းကောင်း ငွေကြေးတောင်းခံ ရရှိပိုင်ခွင့်
- ဘာသာတရားနှင့် ယုံကြည်ခြင်း၏ စံနှုန်းနှင့် လိုအပ်ချက်အရ သင့်တော်သည့် ခေါင်းဆောင်များနှင့် ဆရာများ သင်တန်းပေးအပ်၊ ခန့်အပ်ခြင်း ရွေးချယ်ပိုင်ခွင့်
- ဘာသာရေး ယုံကြည်ခြင်းနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် နိုင်ငံတကာအတိုင်းတာ ဖြင့် ပုဂ္ဂိုလ်များ အနေနှင့် သော်လည်းကောင်း၊ အဖွဲ့စည်း အနေနှင့် သော်လည်းကောင်း ဆက်ဆံ ရေး လုပ်ပိုင်ခွင့်နှင့် ဆက်ဆံရေး ထိန်းသိမ်းပိုင်ခွင့်
- အားလပ်ရက်များတွင်း လွတ်လပ်စွာ လေ့လာဆန်းစစ်ခွင့်၊ကိုးကွယ်ယုံကြည်မှု၏လိုအပ်ချက်အရ အားလပ်ရက် ယူခွင့်နှင့် ပွဲလမ်းသဘင် ကျင်းပပိုင်ခွင့်၊ ကိုးကွယ်ယုံကြည်မှု၏ လိုအပ်ချက်အရ ဝတ်စားဆင်ယင်ပိုင်ခွင့်နှင့် စားသုံးနိုင်ခွင့်၊ဘာသာရေး သင်္ကေတသုံးပိုင်ခွင့်၊အခြားသူ၏ယုံကြည် မှုကိုတခြားသူများနှင့် မျှဝေကျင့်သုံးပိုင်ခွင့်

၃။ တွင်တွင်စေ့ဆော်ခြင်း (သို့) အကျပ်ကိုင်ခြင်း မရှိစေရ။

မည်သူတစ်စုံတစ်ယောက်တွင်မျှ အခြားမည်သူတစ်စုံတစ်ဦးကိုမျှ ကိုးကွယ်ယုံကြည်မှု တစ်ခုကိုကို လက်ခံ၊ ထိန်းသိမ်း၊ ပြောင်းလဲစေရန် အဓမ္မ တိုက်တွန်းပိုင်ခွင့် မရှိပေ။ အဓမ္မ တိုက်တွန်းခြင်းဟု ဆိုရာ၌ ကိုယ်ထိလက်ရောက် သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း အကြမ်းဖက်ခြင်း နှင့် အလားတူခြိမ်းခြောက်မှုများ ပြုလုပ်ခြင်း ၊ ရာဇဝတ်ပြစ်ဒဏ်များပေးအပ်ခြင်း (သို့) မတရားသဖြင့် ဩဇာအသုံးပြုခြင်း စသည့် ပို၍ညင်သာ သည့်နည်းလမ်း တို့ဖြင့် တစ်စုံတစ်ယောက်အား မိမိ သဘောဆန္ဒမပါဘဲ အခြား ဘာသာဝင် အဖြစ် ကူးပြောင်း ကိုးကွယ်ရန် ဆွဲဆောင်ခြင်း ကို ဆိုလိုသည်။ ဘာသာတရားလွတ်လပ်ခွင့် ကို အနက်ဖွင့်ရာတွင် အစိုးရတစ်ရပ်သည် မနဥစ္စာတံစိုးများကိုအသုံးပြု၍သော်လည်းကောင်း(သို့) ကျန်းမာရေးစောင့်ရှောက်မှုပညာရေး နှင့်အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ကို ကန့်သတ်၍သော်လည်းကောင်း ပြည်သူတို့၏ ဘာသာတရားရွေးချယ်ကိုးကွယ်မှု ကို လွှမ်းမိုးရန်ကြိုးပမ်းပါက ယင်းကို ညင်သာသည့်အဓမ္မ ဩဇာအသုံးပြုမှုဟုမှတ်ယူရမည် ဟု ကုလသမဂ္ဂမှတ်ချက် ၂၂ တွင် ဖော်ပြထားသည်။

၄။ ခွဲခြားဆက်ဆံမှုမရှိစေရ။

လွတ်လပ်စွာကိုးကွယ်ယုံကြည်ပိုင်ခွင့် နှင့်ပတ်သက်၍ လူတိုင်းတွင် ခွဲခြားခံရမှုမခံရစေဘဲ တန်းတူခံစားခွင့် ရှိ နေသည်။ တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသူတိုင်း ယင်းလွတ်လပ်ခွင့်ကို အပြည့်အဝခံစားနိုင်ရန်အတွက် အဆိုပါ လွတ်လပ်ခွင့် ကို လေးစား၊ ကာကွယ်၊ မြှင့်တင် ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ လူများစု ကိုးကွယ်သည့် ဘာသာတရားများတွင် လူနည်းစု ကိုးကွယ်သည့် ဘာသာတရားများ ထက် ပို၍အကျိုးခံထူးခံစားခွင့် မရှိသင့်ပါ။ ဘာသာတရား နှင့် နီးနွယ်၍သော်လည်းကောင်း(သို့) တစ်စုံတစ်ယောက်၏ ယုံကြည်ချက်ကြောင့်သော်လည်း ကောင်း ယင်း ပုဂ္ဂိုလ်ကို ခွဲခြားဆက်ဆံမှု ကို တားမြစ်ထားသည်။ ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး အပိုင်းမှ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ လူထုကြားတွင် လည်းကောင်း အလားတူ ခွဲခြားဆက်ဆံမှု မရှိစေရန်အတွက် ထိရောက်သည့် အရေးယူဆောင်ရွက်မှုမျိုးပြုလုပ်ရန် အစိုးရတွင် တာဝန်ရှိနေသည်။ ဘာသာတရားများ၊ ဘာသာတရား အဆုံးအမကို ကျင့်သုံးခြင်း စသည်တို့နှင့် စပ်လျဉ်းလာပါက အစိုးရသည် ဘက်မလိုက် အနေအထားတွင် ရှိနေသင့်သည်။ ကံမကောင်းအကြောင်းမလှစွာပင် ဘာသာတရား (သို့) ယုံကြည်မှု အပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုများကြောင့် ကျန်းမာရေး နှင့် ပညာရေး ကဲ့သို့သော အခြေခံ ဝန်ဆောင်မှုများ ရရှိခံစားမှုတွင် လူနည်းစုကို ဆိုးရွားစွာထိခိုက်သည်ကို ကမ္ဘာတစ်ဝန်းတွင် တွေ့မြင်ရသည်။

၅။ မိဘများ၊ အုပ်ထိန်းသူများနှင့် ကလေးသူငယ် အခွင့်အရေး

မိဘများနှင့် အုပ်ထိန်းသူများတွင် ကလေးများကို မိမိတို့ ကိုးကွယ်သည့်ဘာသာတရား၊ဘဝရပ်တည်ချက်တို့နှင့် အညီပျိုးထောင်ပိုင်ခွင့်ရှိသည်။ယင်းသို့ပြုစုပျိုးထောင်ရာတွင်ကလေးငယ်များ၏ပြောင်းလဲနေသော စွမ်းဆောင်ရည် နှင့် အညီသာဖြစ်သင့်သည်။အဆိုပါ ကလေးငယ် ကြီးပျင်းလာသည်နှင့်အမျှ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် ပြုရမည်ဖြစ်သည်။ သားသမီးများကို မည်သည့်ဘာသာတရား အမွေပေးသင့်သည် ဟု အစိုးရမှ ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် မရှိပါ။

ထို့ပြင် ဘာသာတရား အဆုံးအမလိုက်နာကျင့်သုံးမှု သည် ကလေးငယ်အတွက်ကိုယ်ကာယပိုင်းသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ဥပါဒ်မဖြစ်စေရပေ။ ကလေးငယ်တိုင်းတွင် မိဘ နှင့် အုပ်ထိန်းသူတို့၏သဘောတူညီမှုဖြင့်ဘာသာရေး အဆုံးအမခံယူခွင့်ရှိပြီးယင်းသဘောတူညီမှုမပါရှိပါက မည်သည့်အခါမျှ ယင်းသို့သော အဆုံးအမ ကို ခံယူရန် တွန်းအားပေးပိုင်ခွင့်မရှိပါ။ စာသင်ကျောင်းများတွင် သင်ကြားသည့် ဘာသာရေးဆိုင်ရာ သင်ကြားမှုများမှာ ဘက်လိုက်နေသည် (သို့)မျှတမှု မရှိ ဖြစ်နေပါက ကလေးငယ်များကို အတန်းမှ ဖယ်နေခွင့် (သို့) အခြားရွေးချယ်စရာအတန်းတစ်ခုခု ကို တက်ရောက် နိုင်ရန် အစိုးရမှ စီစဉ်ပေးရမည်ဖြစ်သည်။ အဆိုပါ သင်ကြားမှုများမှ ရှောင်ဖယ်နေခွင့်ရှိမည်ဆိုပါကလည်း ယင်းကို ခွဲခြားဆက်ဆံမှုများမရှိစေဘဲအကောင်အထည်ဖော်ရန် လိုအပ်သည်။ ကမ္ဘာအဝန်းနှင့်ကြည့်မည်ဆိုပါက လူနည်းစု မှ ကလေးငယ်များသည် လူများစု၏ ကိုးကွယ်ယုံကြည်မှုကိုသာ ဦးစားပေးသည့်ဘက်လိုက်မှုရှိသော ပညာရေးတွင် ပါဝင်နေကြရသည်။

### ၆။ အသင်းအပင်း အသွင်ဆောင်သော လွတ်လပ်ခွင့်နှင့် ဥပဒေအရရပ်တည်ချက်

ဘာသာရေးဆိုင်ရာ(သို့) ယုံကြည်မှုဆိုင်ရာ အုပ်စုများသည် အသင်းအစု အဖြစ် တရားဝင်အသိအမှတ်ပြုခံရပိုင်ခွင့်ရှိပြီး ယင်းသို့ အသိအမှတ်ပြုခံရရန် ကြိုးပမ်းသော အုပ်စုများ ၎င်းတို့ အကျိုးစီးပွားနှင့် ရပိုင်ခွင့်များအား ကိုယ်စားပြုနိုင်သည့်တရားဝင်အဖွဲ့အစည်းအဖြစ်ရပ်တည်နိုင်ရန် ဥပဒေအကြောင်းခြင်းရာအားဖြင့်ခွင့်ပြုထားရမည် ဖြစ်သည်။၎င်းတို့အရေးကိစ္စနှင့် ပတ်သက်သည်များတွင် ကိုယ်ပိုင် အခွင့်အာဏာရှိရန် (သို့) လွပ်လပ်စွာကိုးကွယ် ယုံကြည်ပိုင်ခွင့်ကိုကျင့်သုံးနိုင်ရန် အတွက် မည်သည့်ဘာသာရေး အသင်းအဖွဲ့ကမျှတရားဝင်မှတ်ပုံတင်ခြင်း(သို့)ဥပဒေအရ ရပ်တည်ပိုင်ခွင့်ကို ဦးစွာရရှိရန် လိုအပ်ခြင်း မရှိစေရပါ။ အခြေခံအခွင့်အရေးကို တစ်ဦးတစ်ယောက်ချင်း ကပိုင်ဆိုင်ထားခြင်း ဖြစ်သော်လည်း လက်ရှိစံနှုန်းများသည် လွတ်လပ်စွာကိုးကွယ်ယုံကြည်ပိုင်ခွင့်နှင့် ပတ်သက် သည်အခွင့်အရေးများ၏ အုပ်စုအသွင် အရေးပါပုံကိုလည်း ထင်ဟပ်ပြထားသည်။ အကြောင်းမှာ ဘာသာရေးအသင်းအပင်းများ၏ အသင်းဝင်အချင်းချင်းအကြား တူညီနေသော အချက်များဖြစ်နေခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် စိတ်မကောင်းစရာဖြစ်နေသည်မှာ ကမ္ဘာ့တစ်ဝန်းတွင် ယုံကြည်သူ ဘာသာရေးအသိုင်းအဝိုင်းများကို ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများပြုလုပ်ရန် အတွက် တင်းကြပ်သော မှတ်ပုံတင်ဥပဒေများဖြင့် ထိန်းချုပ်ထားကြသည်ကို မြင်တွေ့နေရသည်။

### ၇။ ယုံကြည်မှု (သို့) ကိုးကွယ်မှု က ကန့်သတ်ချက်များနှင့် လျော်ညီအောင် ငြင်းပိုင်ခွင့်ရှိ

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် ၎င်းတို့ယုံကြည်မှု (သို့) ဘာသာတရားအဆုံးအမနှင့် သွေဖယ်ကာ လုပ်ဆောင်ရန် စေခိုင်းခံရပါက ငြင်းဆိုပိုင်ခွင့်ရှိသည်။ အထူးသဖြင့် သေစေနိုင်သည့်လက်နက်များ အသုံးပြုရခြင်း စသည့် အပြုအမူများကို ငြင်းဆိုပိုင်ခွင့်ရှိသည်။ ထို့ကြောင့်နိုင်ငံတော်စစ် အမှုထမ်းခြင်း ကို ပိတ်ပင်သည့် ဘာသာတရား ကို ကိုးကွယ်သူများအား စစ်မှုထမ်းခြင်း မဟုတ်သည့်တခြား နည်းအားဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင့်ခွင့်ကိုပေးအပ်သင့်သည်။နိုင်ငံအများအပြားတွင် အဆိုပါ အခြေအနေမှာ ခက်ခဲနေပြီး ဘာသာအယူဝါဒ အပေါ် အခြေခံလျက် စစ်မှုထမ်းခြင်းကို ဆန့်ကျင်ပါက ပြစ်ဒဏ်ခတ်ခံရနိုင်ချေရှိသည်။[၂၅]



## ဆူဒန်နိုင်ငံတွင် apostasy အတွက် ပြစ်ဒဏ်ပေးခံရခြင်း

ဆူဒန်နိုင်ငံသူ Miriam Yahia Ibrahim သည် သူမကိုယ် သူမ ခရစ်ယာန်ဘာသာဝင်တစ်ဦးအဖြစ် အမြဲတစေ မှတ်ယူခဲ့သူဖြစ်သည်။ သူမ၏ မွတ်ဆလင် ဖခင်သည် သူမ ငယ်စဉ်ကတည်းက ပျောက်ကွယ်သွားခဲ့ကာ ခရစ်ယာန်ဘာသာဝင်ဖြစ်သူ မိခင်မှ ကျွေးမွေးပြုစုခဲ့သူဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် သူမသည် တောင်ဆူဒန်နိုင်ငံသား ခရစ်ယာန်ဘာသာဝင် တစ်ဦးနှင့် လက်ထပ်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် သူမ၏ အိမ်ထောင်သည် တရား မဝင်သော အိမ်ထောင်ဖြစ်ကြောင်း တစ်စုံတစ်ဦးမှ တိုင်တန်းခဲ့သည်။ မွတ်ဆလင် ဖခင်မှ ဆင်းသက်လာသူတစ်ဦးအနေဖြင့် သူမသည် ဥပဒေအရ မွတ်ဆလင်တစ်ဦးဖြစ်ကာ ခရစ်ယာန်ဘာသာဝင် တစ်ဦး နှင့် ထိမ်းမြားလက်ထပ်ရန် ခွင့်ပြုမခံရသူဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် Meriam သည် လ ပေါင်း ၂၀ သာ ရှိသေးသည့် သားဖြစ်သူ နှင့်အဖမ်းခံရကာအိမ်ထောင်ရေးဖောက်ပြားမှု၊အစ္စလမ်ဘာသာအားစွန့်ခွာမှုတို့ဖြင့်တရားစွဲခံခဲ့ရသည်။ အစ္စလမ်ဘာသာအား စွန့်ခွာခြင်းသည် ဆူဒန်နိုင်ငံတွင် တရားမဝင်ပေ။ ၂၀၁၄ ခုနှစ် မေလတွင် သူမသည် ကြိမ်ဒဏ် အကြိမ် ၁၀၀ ၊ သေဒဏ်တို့ဖြင့်ပြစ်ဒဏ်ချမှတ်ခံရသည်။ ပြစ်ဒဏ်ချမှတ်ခံရပြီး မကြာမီတွင်ပင် သမီးမိန်းကလေးတစ်ဦး အကျဉ်းထောင်တွင် မွေးဖွားခဲ့သည်။ အကျဉ်းထောင်တွင်ရှိနေစဉ် ခရစ်ယာန်ဘာသာကို ပြန်လည်စွန့်လွှတ်ရန် နှင့် ထိုသို့ပြုလုပ်ပါက ပြစ်ဒဏ်မှ ကင်းလွတ်ခံရမည်ဖြစ်ကြောင်း ဖိအားပေးခံခဲ့ရသည်။ နိုင်ငံတကာမှ ဖိအားပေးမှုကြောင့် သူမသည် ၂၀၁၄ ခုနှစ် နွေရာသီတွင် ပြန်လွတ်လာခဲ့သည်။ ယင်းနောက် သူမ၏ ခင်ပွန်းနှင့်ကလေးနှစ်ယောက်နှင့် အတူ ဆူဒန်နိုင်ငံမှ ထွက်ခွာနိုင်ခဲ့သည်။

သတင်းရင်းမြစ် - Morningstar News, ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်



# ၃.၃။ ကန့်သတ်ချက်များကော ရှိနိုင်မည်လော

အချို့သော အခွင့်အရေးများသည် အကြွင်းမဲ့ အခွင့်အရေးများဖြစ်ကြ သည်။ မည်သည့်အခြေအနေတွင်မဆို မည်သို့မျှ ကန့်သတ်ခြင်း ၊ ရုတ်သိမ်းခြင်း တို့ကို ပြုလို့မရသော အခွင့်အရေးများ ဖြစ်ကြသည်။ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်သည်ယင်းသို့သော အကြွင်းမဲ့ အခွင့်အရေး တစ်မျိုးဖြစ်သည်။ အချို့အခွင့် အရေးများမှာ qualified rights များဖြစ်ကြပြီး တိကျသေချာသည့် အချို့သော အခြေအနေများတွင်ကန့်သတ်၍ ရသည်။

ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်သည် ယင်းသို့သော အကြွင်းမဲ့ အခွင့်အရေး တစ်မျိုးဖြစ်သည်။ အချို့အခွင့် အရေးများမှာ qualified rights များဖြစ်ကြပြီးတိကျ သေချာသည့်အ ချို့သော အခြေအနေများတွင် ကန့်သတ်၍ ရသည်။ ယင်းအခြေ အနေများကို ကန့်သတ်ရ အပိုဒ်များ တွင် တိတိကျကျ ဖော်ပြထားသည်၊၂၆ လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်တွင်လည်း အကြွင်းမဲ့အပိုင်း (တစ်ကိုယ်ရေ အတွင်းပိုင်းလွတ်လပ်ခွင့် - ဆိုလိုသည်မှာ ယုံကြည်မှု(သို့)ကိုးကွယ်မှုကို ရှိပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့်ပြောင်းလဲပိုင်ခွင့်)နှင့်qualified အပိုင်း(အပြင်ပိုင်းလွတ်လပ်ခွင့် -ယုံကြည်မှု(သို့)ဘာသာတရား အား ကျင့်သုံးပိုင်ခွင့် )ဟု နှစ်မျိုးရှိသည်၊ ၂၇ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို ကန့်သတ်ခြင်းသည် အပြင်ပိုင်းလွတ်လပ်ခွင့် အတွက်သာ အကျုံးဝင်သည်။ဆိုလိုသည်မှာ မိမိယုံကြည်မှု(သို့) ဘာသာတရား ကို ကျင့်သုံးခွင့် နှင့် ဖော်ပြခွင့်တို့ ဖြစ်သည်။ အဆိုပါကန့်သတ်မှုများ ကိုပြုလုပ်သည့် အခါတွင်လည်း ခွဲခြားဆက်ဆံသည့် ပုံစံများဖြင့် မဖြစ်စေရပါ။မည်သည့်ကန့်သတ် ချက် မဆို အောက်ပါလိုအပ်ချက်သုံးမျိုးဖြင့် ပြည့်စုံသည့် အခြေအနေမျိုး တွင်သာ အကျုံးဝင်မည်ဖြစ်သည်။

- နိုင်ငံ့ဥပဒေတွင် အခြေခံထားရမည်။
- အောက်တွင်ပါရှိသည့်လူထုကောင်းကျိုးများကို အကာအကွယ်ပေးရန် မလုပ်မဖြစ် အခြေအနေမျိုးဖြစ်ရမည်။
  - လူထုလုံခြုံရေး
  - လူထု တည်ငြိမ်ရေး
  - လူထု ကျန်းမာရေး
  - လူထု morals (လ)
  - အခြားသူများ၏ အခြေခံလူ့အခွင့်အရေး နှင့် လွတ်လပ်ခွင့်

  အထက်ပါ အချက်များထိခိုက်လာမည့်အန္တရာယ်ကို နိုင်ငံတော်မှ အခြားနည်းလမ်းဖြင့် ရရှိနိုင်မည်ဆိုပါကလွတ်လပ်စွာ ယုံကြည်ကိုးကွယ် ခွင့်ကို ကန့်သတ်ခြင်း မရှိသည့် အဖြေကို ရှာရမည်။
- Proportionate and Non-discriminatory - အထက်ပါ အခြေအနေများပြီးပြည့် စုံရန် အစိုးရမှ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုကန့်သတ်ရမည်ဆိုပါကကန့် သတ်သည့် အတိုင်းအတာသည် ယင်းဘာသာရေး အဆုံးအမကို ကျင့်သုံး ခြင်းမှ ဖြစ်လာစေနိုင်သည့် ပြဿနာနှင့် လျော်ကန်မှုရှိရန် လိုအပ်သည်။ထို့အပြင်ယင်း ကန့်သတ်မှုသည် မတူညီသည့် ဘာသာတရားများနှင့် ယုံကြည်မှုများကိုကျင့်သုံး သူများကြား ညီမျှစွာ သက်ရောက်မှုရှိစေရမည်ဖြစ်သည်။

# ၃.၄။ လွဲမှားစွာ နားလည်သဘောပေါက်ခြင်းများ

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် သို့ ဘာသာအယူဝါဒဆိုင်ရာ စိန်ခေါ်မှုများသည် အမျိုးသားအဆင့်တွင်သာမက ကမ္ဘာတစ်ဝန်းတွင် ရှိနေသည်။ FoRB ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် လွဲမှားစွာ နားလည် သဘောပေါက်မှုများမှာ ပုံစံအမျိုးမျိုးဖြင့် ရှိနေသည်။ ထို့ကြောင့် အဆိုပါ နားလည်မှု ပုံစံ အလွဲများကို လေ့လာကြည့်ရန် အရေးကြီးသည်။

ဘာသာရေးလွတ်လပ်ခွင့် ဟူသည် မှာ -

- လူမှုအဖွဲ့အစည်းတွင် ဘာသာပေါင်းစုံ သဟဇာတဖြစ်ရေးကို မြှင့်တင်ခြင်းနှင့် ရှိနေပြီးသော ဘာသာရေး အသွင်သဏ္ဌာန်များကို ထိန်းသိမ်းခြင်းမဟုတ်ပါ။ FoRB သည် လူတိုင်းကို လွတ်လွတ်လပ်လပ် မိမိဘာသာနှင့် ယုံကြည်မှုကို ရွေးချယ်ခွင့်နှင့် ပြောင်းလဲခွင့်ပြုထားသည်။ ယင်းသို့ ရွေးချယ်ခွင့်နှင့်ပြောင်းလဲ ယုံကြည်ကိုးကွယ်ခွင့်တို့သည် တိုင်းပြည်၏ ဘာသာရေး ပုံသဏ္ဌာန်များကို ပြောင်းလဲစေပြီး အာဏာပိုင်များအနေဖြင့် ခြိမ်းခြောက်စရာဟု ယူဆသည့် အချိန်များတွင်ပင် လွတ်လပ်ခွင့်ရရှိထားသည်။ FoRBသည် အများစုကိုးကွယ်သည့် ဘာသာကြီးများ၏ ဘာသာဝင်များ အခွင့်အရေး ကို ကာကွယ်ပေးသည့် နည်းတူလူနည်းစုများ၊ လူနည်းစုအတွင်းမှလူနည်းစုများ၊ သက်ဝင်ယုံကြည်သူများနှင့် ပြန်လည်သက်ဝင် ယုံကြည်သူများ၊ ပြုပြင်ပြောင်းလဲရေးသမားများနှင့် အစိုးရနှင့် သဘောထားကွဲလွဲဆန့်ကျင် သူများကိုလည်း အကာ အကွယ်ပေးထားပါသည်။ FoRB သည် ဘာသာပေါင်းစုံ တည်ရှိနေခြင်းနှင့် မတူကွဲပြားခြားနားမှုများကိုလည်း ရှိခွင့်ပြုထားသည်။ ထို့အပြင် နှင့် ကွဲပြားသော ဘာသာရေး အဖွဲ့များ အကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး များ ကို ဖြစ်စေပါသည်။ ထို့ကြောင့် လက်ရှိ လွတ်လပ်စွာ ကိုးကွယ်မှုနှင့် ယုံကြည်မှု ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် မစ္စတာ ဟိုင်းနာ ဘီလဲဖီလ်ဒ် (Heiner Bielefeldt) က FoRB ကို အားလုံးလျော်ညီသဟဇာတဖြစ်နေစရာမလိုသည့် ငြိမ်းချမ်းရေး စီမံကိန်းဟု ခေါ်ဆိုပါသည်။

- အနောက်တိုင်းသား / ခရစ်ယာန် အယူအဆ သက်သက်မဟုတ်ပါ။ FoRB၏ အခြေခံသဘောတရားများကိုကွဲပြားသော ဘာသာတရားများစွာနှင့် ဒဿနိက အစဉ်အလာများတွင် တွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့ အဓိက ဘာသာတရား ကြီးများ၏ ခေါင်းဆောင်များသည် သည်းခံခြင်းတရား နှင့် FoRB ၏ အခြေခံသဘောတရားများကို ခေတ်သစ် လူ့အခွင့်အရေး စာရွက် စာတမ်းများတွင် ဖော်ပြထည့်သွင်းထားခြင်း မပြုမီ ကတည်းက ထောက်ခံဟောကြား ခဲ့ပြီး ဖြစ်ပါသည်။

- လူထု နယ်ပယ်မှ ဘာသာတရား ဖယ်ရှားရန် ကြိုးပမ်းခြင်း မဟုတ်သလို ဘာသာတရားကို ပုဂ္ဂလိကပိုင်အဖြစ် အတင်း ဖန်တီးခြင်း မဟုတ်ပါ။ FoRB အောက်တွင် အစိုးရအနေဖြင့် ကမ္ဘာ့အမြင်များနှင့် ဘာသာရေး သို့ ဘာသာရေး မဟုတ်သော ဘဝ ရပ်တည်ချက်များကို ဘက်လိုက် ခြင်း မရှိရပါ။ မည်သည့် သီးခြား ဘာသာတရား သို့ ယုံကြည်မှုကိုမှ အခွင့်ထူးမခံ စေ ရပါ။ သို့သော် ၎င်းသည် ဘာသာရေးကင်းလွတ်သော လူထု နယ်ပယ်ကို ဖန်းတီးရန်အတွက် မြင်တွေ့နိုင်သော ဘာသာတရား အဆုံးအမ ကျင့်ထုံး (သို့) သင်္ကေတများ များအား ဖိနှိပ်ထားခြင်းကို အားပေးအားမြှောက် လုံးဝ မပြုပါ။

- ဘာသာတရားများ (သို့) ဘာသာတရားများ၏ ဘုရားများ၊ ယဇ်ပရောဟိတ် များနှင့် အထွတ်အမြတ်ထားသောကျမ်းချက်များကို လှောင်ပြောင်ခံရမှုနှင့် ဝေဖန်ခံရမှုမှ အကာအကွယ်ပေးခြင်း မပြုပါ။ တခြား လူ့အခွင့်အရေးများနည်းတူ FoRB သည် လူသားများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့် ဘာသာတရား မဆို (သို့) အယူဝါဒများကို ကိုးကွယ်ယုံကြည်သူ (သို့) လက်ခံကျင့်သုံးသော လူပုဂ္ဂိုလ် လူသားများကို အကာအကွယ်ပေးခြင်းဖြစ်ကာ အယူဝါဒ (သို့) အဆုံးအမ များကို အကာအကွယ်ပေးခြင်း မဟုတ်ပါ။ သို့ရာတွင် လူတစ်စုံတစ်ယောက်သည် ဘာသာရေးကို အသုံးချလျက် ဘာသာရေးမုန်းတီးမှုများ ပြန့်ပွားစေကာ အကြမ်းဖက်ရန် လှုံ့ဆော်မှု (သို့) ခွဲခြားဆက်ဆံမှု များ ဖြစ်ပေါ်လာရန် မပြုလုပ်ရပါ။ ဤအချက်များကို နောက် အခန်းများတွင် ဆက်လက်လေ့လာပါမည်။

- **ဘာသာရေးကို အများပြည်သူရှေ့မှာ တစ်သီးပုဂ္ဂလ ထံသို့ ရွှေ့ဆိုင်းခြင်း**

FoRB တွင် အစိုးရက ဘာသာတရားနှင့် ဘာသာမဲ့တွေကို ကိုင်တွယ်သည့်အခါ secularity ကို လက်ခံသည်။ သို့သော် ဘာသာတရားကို ပျောက်ကွယ်အောင်လုပ်ပြီး ဘာသာမဲ့ ဝါဒကို ပြန့်ပွားအောင်လုပ်ဖို့ ရည်ရွယ်တာ မဟုတ်ပါဘူး။

# သုံးသပ်ဆွေးနွေးရန် မေးခွန်းများ

၁။ အခန်း ၃ ကို သင်ဖတ်ရှုပြီးနောက် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် နှင့် ပတ်သက်ပြီး သင်၏ နားလည်မှု ပြောင်းလဲသွားခြင်း ရှိပါသလား။ ပြောင်းလဲသည် ဆိုပါက မည်သို့ ပြောင်းလဲသွားသနည်း။

၂။ ဘာသာတစ်ခုမှ အခြား ဘာသာတစ်ခုသို့ ပြောင်းလဲသွားသူ တစ်စုံတစ်ယောက်ကို သိဖူးပါသလား။ ယင်းသို့ ကိုးကွယ်ရာ ဘာသာပြောင်းသွားသူကို သင့်ပတ်ဝန်းကျင်က မည်သို့ တုန့်ပြန်ပါသလဲ။ သင့်ဘာသာသို့ အခြားဘာသာမှ တစ်ယောက်ယောက် ကူးပြောင်းလာသည့်အခါ သင်တုန့်ပြန်ပုံနဲ့ တူပါသလား။ ဘာအကြောင်းကြောင့် ပါလဲ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများက ဘာသာ ကူးပြောင်းခြင်း နှင့် ပတ်သက်ပြီး မည်သို့ ပြောထားပါသလဲ။

၃။ သင့်ရဲ့ ယုံကြည်မှု ၊ ကိုးကွယ်မှု နဲ့ပတ်သက်လို့ဖော်ပြတဲ့အခါ (သို့) ကျင့်သုံးတဲ့အခါ ဘယ်အရာက သင့်အတွက် အရေးကြီး ပါသလဲ။ အခြား ဘာသာတရားတွေကို ကိုးကွယ်တဲ့ လူတွေ အနေနဲ့ သင် ကျင့်သုံးတဲ့ အတိုင်း သူတို့ရဲ့ ယုံကြည်မှုကို ဖော်ပြကျင့်သုံးရင် အဆင်ပြေမယ် လို့သင်ထင်ပါသလား။ ကွဲပြားမှု ရှိပါသလား။ ဘာကြောင့်ပါလဲ။

၄။သင်ကိုးကွယ်တဲ့ ဘာသာတရားကို ကိုးကွယ်သူတွေဟာ အပြင်ပိုင်းလွတ်လပ်မှု နဲ့ ပတ်သက်ပြီး သင့်ပတ်ဝန်းကျင်က လူတွေ ဘယ်လို အတားအဆီးတွေ နဲ့ တွေ့ကြုံရပါသလဲ။

၅။ သင့်ပတ်ဝန်းကျင်မှာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် နဲ့ ပတ်သက်ပြီး တရားဝင်တဲ့ ကန့်သတ်မှုတွေ ဘာတွေ ရှိနေပါသလဲ။

၆။ အဲဒီကန့်သတ်မှုတွေ ထဲမှာ ဘယ်အရာတွေက တရားဝင်ကန့်သတ်ချက်ဖြစ်ဖို့ လိုအပ်ချက်တွေ နဲ့ မပြည့်စုံဘူးလဲ။ အဆိုပါ တရားမဝင်သည့် ကန့်သတ်ချက်တွေကြောင့် dime -nsion တွေက အများဆုံး ထိခိုက်ခံရပါသလဲ။

၇။ ***********

# ၄။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့်နှင့် အခြား အခြေခံအခွင့်အရေးများကြား ရှိလာနိုင်သည့် တင်းမာမှု



လူ့အခွင့်အရေး တွင်ပါဝင်သည့် အခြေခံ စည်းမျဉ်းများတွင် အောက်ပါကျန်အင်္ဂါရပ်လက္ခဏာ များနှင့် ပြည့်စုံသည်-

- တစ်ကမ္ဘာလုံး အကျုံးဝင်သည်။ မည်သည့်နေရာတွင် ရှိနေသည့် မည်သူ အတွက် မဆို အတူတူပင် ဖြစ်သည်။
- ခွဲခြားထား မရပေ။ တစ်ခုနှင့် တစ်ခု ခွဲ မရသော အခွင့်အရေးများဖြစ်သည်။
- အပြန်အလှန်မှီခိုပြီး အပြန်အလှန် ဆက်စပ်နေသည်။ အခွင့်အရေး တစ်ခုနှင့် တစ်ခု ဆက်စပ်နေပြီး အခွင့်အရေး တစ်ခု ပြည့်မီရန် အတွက် ကျန်အခွင့်အရေးများပြည့်မီခြင်း ရှိမရှိ ဟူသည့်အချက် အပေါ်တွင်လည်း မူတည်သည်။

ယင်းသို့ စုပေါင်းရှုထောင့်သည် ရှုပ်ထွေးပြီး တင်းမာနေသည့် အခြေအနေများ၊ အခွင့်အရေး များကို အကောင်အထည်ဖော် သည့်အခါ ရှိလာသည့် လက်တွေ့ကျ ပဋိပက္ခများ ရှိနေသည့် အခါ ဆက်လက် ထိန်းသိမ်းရန်အရေးကြီးသည် ၃၂ အခွင့်အရေးတစ်ခုနှင့်အခြားအခွင့်အရေး များကြား တင်းမာမှုများ ရှိလာသည့်အခါ လူ့အခွင့်အရေးများသည် တစ်ခုနှင့် တစ်ခု မည်သို့ ဆက်စပ်နေကြောင်းနှင့် တည်မှီနေကြကြောင်း သိရှိထားရန် အလွန်အရေးကြီးသည်။ တင်းမာ မှုရှိလာခြင်း သည် အခွင့်အရေးတစ်ခုမှ အခြား အခွင့်အရေးတစ်ခုကို အလဲထိုးရမည် ဟု ဆိုလိုခြင်း မဟုတ်ဘဲလူ့အခွင့်အရေးများ အားလုံးကိုတတ်နိုင်သမျှ များများ ပြည့်မီလာရန် ကြိုးပမ်းရမည်ဖြစ်သည်။ (at stake)

# ၄.၁။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် - အမုန်းတရား စကား များ နှင့် blasphemy ( အသရေဖျက်မှု)

အမုန်တကယ် ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားသည့်လူမှုဝန်းကျင်တစ်ခုဖြစ်လာစေရန် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်သည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ကဲ့သို့ပင်အခြေခံကျသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ အဆိုပါ လွတ်လပ်ခွင့် နှစ်ခု သည် လူနည်းစုများ အပြင် အာဏာလက်ဝယ်ရှိထားသူများနှင့် ခြားနားလေ့ရှိသော ယင်းလူနည်းစု တို့၏ အယူအဆ၊ ယုံကြည်မှု များ ကိုပါ အကာအကွယ်ပေးရန်အတွက် တစ်ခုနှင့် တစ်ခု အပြန် အလှန် ပံ့ပိုးကြပြီး သာတူညီမျှ အရေးကြီးကြသည်။

အဆိုပါ လွတ်လပ်ခွင့် နှစ်ခုစလုံးကို ဥပဒေဘောင်တွင်းမှ ကန့်သတ် ၍ရသည်မှာ မှန်သော်လည်း တစ်ခုခုကို ကန့်သတ် မည် ဆိုပါက ကျန် လွတ်လပ်မှု တစ်ခုကိုမချိုးဖောက်ဘဲ မည်သို့ ကန့်သတ်နိုင်မည်နည်း။ ဘာသာရေး ဝေဖန်မှုများ ပြုလုပ်ရာတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆို ခွင့်တို့သည်ကွဲလွဲ နေကြသည် ဟု ထင်မှတ်မှားတတ်ကြသည်။ ရှေ့တွင်ဆွေးနွေးခဲ့သည့် အတိုင်းပင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် ဘာသာ တရား များ နှင့် အယူဝါဒများ ကို အကာအကွယ် ပေးခြင်း မဟုတ်ဘဲ ယင်း ယုံကြည်မှုများ ရှိနေသည့် လူတစ်ဦးချင်း ကို အကာအကွယ်ပေးခြင်း သာဖြစ်သည်။ သို့ရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာမူ တုန်လှုပ်ချောက်ခြား စေခွင့် နှင့် စော်ကားခွင့်ပေးထားသည်။ထို့ကြောင့် စော်ကားသည်ဟု ထင်မြင်ယူဆနိုင်သည့်အကြောင်းအရာများတွင် ပင်လျှင် လူတစ်ဦးတွင် ဘာသာ တရား များကို ဝေဖန် လှောင်ပြောင်သရော် ခွင့်ရှိသည်။သို့ရာတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကမူ ရန်းရင်း ဆန်ခတ်ဖြစ်မှု နှင့် အကြမ်းဖက်မှုများကိုဦးတည်သည့်အမျိုးသားရေး၊လူမျိုးရေး နှင့် ဘာသာရေး အမုန်းပွားမှု အတွက် စည်းရုံးလှုံ့ဆော်မှုများကို အကာအကွယ်ပေးထားခြင်း မရှိပေ။မည်သည့်အချိန်တွင် စော်ကားမော်ကား ပြသည့်ပြောဆိုမှုများ (သို့) ကြေငြာချက်များသည်စည်းဘောင်ကျော်လွန်ကာ ရုန်းရင်းဆန်ခတ်ဖြစ်မှု နှင့် အကြမ်းဖက်မှုများကို ဦးတည်သည့် တရားဘောင် ကျော် အမုန်းစကားများနှင့် သွေးထိုး လှုံ့ဆော်မှုများ ဖြစ်လာ ပါသလဲ။

သို့ဆိုပါမူ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို ပိုမို အပြည့်အဝ ခံစား နိုင်ရန်မည်သည့်အရာများကို လုပ်ဆောင်နိုင်ပါမည်နည်း။

The Rabat Plan of Actions 34 တွင်မည်သို့သောထုတ်ဖော်ပြောဆိုမှုများသည် စည်းဘောင်ကျော်လွန်ကာ ဥပဒေအရ တားမြစ်သင့်သည့် အဆင့်ရောက်ရှိသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ အတိုင်းအတာစံနှုန်း မြင့်မြင့်ထားဖို့ အရေးကြီးကြောင်း နှင့် ယင်း ထုတ်ဖော်ပြောဆိုမှုကို ရှုထောင့်မျိုးစုံ ထည့်တွက်ရန်အရေးကြီးကြောင်းလည်း ဖော်ပြ ထားသည်။ အကြောင်းအရာ နှင့် ပြောဆိုသူရပ်တည်ချက် (သို့) အနေ အထား၊ ယင်း ပြောဆိုမှု ရည်ရွယ်ချက်၊ ထုတ်ဖော်ပြောဆိုမှု တွင် ပါဝင်သည့် အကြောင်းအရာ၊ အဆိုပါ ထုတ်ဖော် ပြောဆိုမှု မည်မျှ ပျံ့နှံ့သည်နှင့်အဆိုပါ ထုတ်ဖော်ပြောဆိုမှု မှမည်မျှအန္တရာယ်ဖြစ်စေနိုင်ပုံ၊အကြမ်းဖက်မှု အထိ အမုန်တကယ် ဖြစ်စေနိုင်ခြင်း ရှိမရှိ နှင့် ခွဲခြားဆက်ဆံမှု ကို အမုန်တကယ် ဖြစ်စေ နိုင်ခြင်း ရှိမရှိ တို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ စဉ်းစားရမည်ဖြစ်သည်။ အမုန်းပွား စကားများ ကို တာဝန်ခံနိုင်ရန် အကောင်းဆုံးနည်းမှာ ကန့်သတ်ချုပ်ချယ်မှု ပြုလုပ် ခြင်း မဟုတ်ဘဲ လွတ်လပ်စွာ ပိုမို ပြောဆိုခွင့်ပြုခြင်း ဖြစ်သည်။

အစိုးရများသည် ယင်းသို့ အကြပ်ရိုက်သည့် အနေအထားကို ဘာသာရေးအသရေဖျက်မှု ဥပဒေများ ဖန်တီး လျက် ဘာသာရေး ခံယူချက်ဆိုင်ရာ ခံစားမှုများနှင့် ဘာသာရေး အသရေဖျက်မှုအား ရာဇဝတ်မှု အဖြစ် သတ်မှတ် အရေးယူ နိုင်ရန် လမ်းကြောင်းဖန်တီးလိုက်ကြသည်။

ကံမကောင်းစွာပင် ယင်းသို့ မရှင်းမလင်း ပြဋ္ဌာန်းထားသည့် ဥပဒေများသည် အချိန်တော်တော်များများတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှစ်ခုစလုံးကို ချိုးဖောက်ပြီး သကာလ ဘာသာရေး အမည်ဖြင့်လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ချိုးဖောက်မှုများကို လျှော့ချပေး မည့်အစား ပိုမို တိုးပွားလာစေသည်။အာဏာကို လက်ဝယ်ရရှိထားသူ လူအများစု၏အမြင်တွင်စော်ကားမော်ကားရှိသည် ဟု ထင်မြင်သော ယုံကြည်မှုများ (သို့) အယူအဆ များကိုလူနည်းစုများက ထုတ်ဖော်ပြောဆိုသည့် အခါ သက်သေအထောက်အထားမရှိလျှင်ပင် ဘာသာရေး အသရေဖျက်မှုဖြင့် တရားစွဲခံရတတ်ပြီးတရားဥပဒေဘောင် အတွင်းမှ မဟုတ်သည့် အခါများလည်းရှိသည်။*

အကြမ်းဖက်သည့် အစွန်းရောက်များသည် လက်ဝါးကြီးအုပ်ပစ်ကာ လူစုလူဝေး မှ ဆုံးဖြတ်သည် ကို တရားမျှတမှု အသွင် ဖော်ဆောင်ကာ ၎င်းတို့နှင့် ခြားနားစွာ ယုံကြည်ကြသူများကိုအကြမ်းဖက်ခံရစေရန်လှုံ့ဆော်လေ့ရှိကြသည်။ ဤနည်းအားဖြင့် လူနည်းစုများနှင့် အမြင်မတူသူ၊သဘောထားကွဲလွဲနေသူ များသည် ၎င်းတို့အခွင့်အရေးကိုကျင့်သုံးသည့် အခါတွင်ပင် အမုန်းစကားပွားသူများ၊ဆူပူမှုဖြစ်စေရန်လှုံ့ဆော်သူများ နှင့် အကြမ်းဖက်မှုကို ဦးတည်စေသူများ ဖြစ်သွားရ တတ်သည်။ သို့ရာတွင် ရံဖန်ရံခါ အမှန်တကယ် လှုံ့ဆော်သူ များ နှင့် အကြမ်းမှု ကျူးလွန်သူများမှာ အရေးယူ မခံရဘဲလွတ်မြောက်နေတတ်ပြန်သည်။ ယင်းအစား မှားယွင်း စွာ စွပ်စွဲခံရသူများ ကသာ အပြစ်ပေးအရေးယူခြင်း ခံရလေ့ ရှိသည်။

ကြေညာချက်များ အတူတကွ ထုတ်ဝေခြင်း၊ သတင်းမီဒီယာများ တွင်လည်း မျှတစွာ ထုတ်ဖော် ရေးသားခြင်းနှင့် ရှင်းလင်းခြင်းတို့က အပျက်သဘောဆောင်သည့် ဟောပြော ပြောကြားချက်များကို ပြန်လည်ခုခံရှင်းလင်းရာတွင် အထိရောက် ဆုံးဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်ရေးသားခြင်းသည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာသည့် လူ့အဖွဲ့အစည်း တည်ထောင် ရန်နှင့် ဒီမိုကရေစီ နိုင်ငံထူထောင်ရာတွင်မှတ်ကျောက် တစ်ခုအဖြစ် အရေးပါနေခြင်း ကြောင့် ယင်းကို ကန့် သတ် မည်ဆိုပါကသေချာစွာချင့်ချိန်ရန် အရေးကြီးပါသည်။လွတ်လပ်စွာ ယုံကြည် ကိုးကွယ် ခွင့် နှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် တို့ကို ကျင့်သုံး ရာတွင်လည်း အပြန်အလှန်အားနည်းသွားစေရန် မဟုတ် ဘဲ အပြန်အလှန် အားကောင်းအောင် အထောက် အပံ့ပေးကာ မတူကွဲပြားသည့် အုပ်စုများကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း ကို အကျိုးပြုရန်သာ အသုံးပြုသင့်သည်။

# ၄.၂။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်နှင့် အမျိုးသမီးအခွင့်အရေး

ရံဖန်ရံခါတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် အမျိုးသမီး အခွင့်အရေးနှင့် ဆန့်ကျင့်ဘက် ဖြစ်နေ သည်ဟု မှားယွင်းစွာ ပြောဆိုကြသည်။ အမှန်စင်စစ် အမျိုးသမီးအခွင့်အရေးကို ဘာသာရေး ဥပဒေများ၊ ယဉ်ကျေးမှုများ နှင့် ဓလေ့ ထုံးတမ်း များက သာ ဆိုးရွားစွာ ထိခိုက်နေကြခြင်းဖြစ်သည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် အမျိုးသား ခေါင်းဆောင်များကို ၄င်းတို့ ဘာသာရေး အသိုင်းအဝိုင်း အတွင်းရှိ လူများ ၊ အထူးသဖြင့်အမျိုးသမီးများကို ထိန်းချုပ်ခွင့် ပြုထားသည်ဟု ယူဆကြသည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် ခွဲခြားဆက်ဆံမှု ကင်းစင်သည့် လူမှု အဖွဲ့အစည်းကို ထူထောင်ရာတွင် အတား အဆီး တစ်ခုသာ ဖြစ်စေသည် ဟု ယူဆသူများလည်းရှိ ပြန်သည်။ ယင်းသို့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် နှင့် အမျိုးသမီးအခွင့်အရေးတို့အကြား ရှိ နေသည့် လက်တွေ့ကျ တင်းမာမှု များက အဆိုပါ အတွေးအခေါ် နှစ်ခုသည် စံများအဖြစ် တစ်ပြိုင် နက်တည်းသတ်မှတ်ရန် သဟဇာတမဖြစ်ဟုဆိုလိုသည် မဟုတ်ပါ။ အမျိုးသမီးအခွင့်အရေး မြှင့်တင် ရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် အား ကန့်သတ် ထားရန် မလို အပ်သကဲ့သို့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ကို အကောင်အထည် ဖော်ဆောင်ရန် အမျိုးသမီး များအား ခွဲခြားဆက်ဆံမှုကို လက်ခံလိုက်ရန်လည်း မလိုအပ်ပေ။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ခွင့် နှင့် အမျိုးသမီးအခွင့်အရေး တို့ အပြန်အလှန် အမှီပြုကြပုံနှင့် အပြန်အလှန် အထောက်အကူပြု ပုံ တို့ကို အချိန်အတော် များများတွင် မသိကျိုးကျွံပြုထားတတ်ကြပြီး ကျော်သွားလေ့ ရှိကြသည်-၃၆ အရေးကြီးသည့်လူ့အခွင့်အရေး စာချုပ်စာတမ်း များသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အမျိုးသမီး များ အပါအဝင် လူသားတစ်ဦးချင်းစီ အတွက် အရေးပါ သည့် အခွင့်အရေးအဖြစ် လက် ကိုင်ထားသည်။ထို့ကြောင့်၄င်းကအမျိုးသမီးတိုင်းကို အောက်ပါအခွင့်အရေးများပေးအပ်ထားသည်။



- မည်သည့်ကို ယုံကြည်ကိုးကွယ်ရန် ၊မည်သည်ကို မယုံကြည်ရန် တို့ကိုသူမကိုယ်ပိုင် ဆုံးဖြတ် ရွေးချယ်ပိုင်ခွင့် နှင့်ကြောက်ရွံ့မှုကင်းစွာယင်းယုံကြည်မှုများအတိုင်း သူမ၏ ဘဝ ကို နေထိုင်ခွင့်
- သူမ၏ဆန္ဒနှင့် သွေဖယ်လျက် သူမ၏ ယုံကြည်ကိုးကွယ်ခွင့်နှင့်ပတ်သက်ပြီးအတင်း အကြပ် ဖိအားပေး ခံရမှုမှ အကာအကွယ်ရရှိပိုင်ခွင့်
- အဆိုပါရွေးချယ်မှုများကြောင့် ခွဲခြားဆက်ဆံခြင်း မရှိဘဲ နေထိုင်ခွင့်-၃၇

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် အမျိုးသမီးတိုင်းအား အကြမ်းဖက်မှု ၊ အနောက်အယှက်ပြုမှု တစ်စုံ တစ်ရာ မခံရစေဘဲ လူမှုရေး နဲ့ ဘာသာရေးစံ များကို လိုက်နာချင်လျှင်လိုက်နာခွင့် နှင့် မလိုက်နာချင်လျှင် မလိုက်နာဘဲနေခွင့် တို့ကို ပေးအပ်ထားသည်။ ထို့အပြင် တင်းကြပ်ပြီး ခွဲခြားဆက်ဆံမှုပြုသည့် ဘာသာရေး နှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် ပတ်သက်ပြီး ပြောဆိုဆွေးနွေးခွင့်ကိုလည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် အတူ ပေးထားသည်။အမျိုးသမီးများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် နှင့် ပတ်သက်လျှင် ခံရမှု အများဆုံးဖြစ်ကြသည်။

ကျား/မရေးရာအတွေးအမြင်များနှင့် ပတ်သက်ပြီးခွဲခြားဆက်ဆံခံရသည် များလည်းရှိပြီး ၎င်းတို့၏ ယုံကြည်မှု ကြောင့် လည်း ခံရသည်များလည်းရှိသည်။ အထူးသဖြင့် ဘာသာရေးလူနည်းစုဝင် အမျိုးသမီးများက ပိုမိုခံရ တတ်သည်။ ဘာသာရေး ထုံးတမ်းအရ ဝတ်ဆင်ရသည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ မဝတ်ဆင်ခြင်းတို့နှင့် ပတ်သက်သည့် အကြမ်းဖက်မှုများမှာ ပိုမို များပြားလာခဲ့သည်။ ၂၀၀၇ ခုနစ်တွင် အဆိုပါ အကြမ်းဖက်မှုမျိုးသည် ကမ္ဘာ့နိုင်ငံများအနက် ၇% သောနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့ရာမှ ၂၀၁၂ ခုနစ်တွင် ၃၇% အထိ တိုးပွားလာခဲ့သည်။[၃၈] အမျိုးသမီးအခွင့်အရေးကိုလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် အထိ မြှင့်တင်ရန်မှာ ကျား/မရေးရာတန်းတူညီမျှမှု ကို မြှင့်တင်ရန် အတွက် အရေးပါသည့်အပြင် ပူးတွဲလုပ်ကိုင်သွားရမည့် အကြောင်းအရာဖြစ်သည်။

# သုံးသပ်ဆွေးနွေးရန် မေးခွန်းများ

၁။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် သည် ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးဖြစ်သည်ဟု သင်ထင်ပါသလား။ ဆိုလိုသည်မှာ မည်သည့်နေရာတွင် မဆို နေထိုင်သည့် လူတိုင်းအတွက် တူညီသည့် အခွင့်အရေးတစ်ရပ် အဖြစ် သင်ထင်ပါသလား။ အဘယ့်ကြောင့်နည်း။

၂။ ဘာသာတရားနှင့်ပတ်သက်ပြီး ဝေဖန်ခြင်း ၊ အယူအဆများကို မေးခွန်းထုတ်ခြင်း၊ ဘာသာရေး အထင်ကရ ပုဂ္ဂိုလ်များနှင့် မြင့်မြတ်သည့် ဟောပြောချက်များအား ပြက်ရယ်ပြုခြင်းတို့ အား သင် မည်သို့ ထင်မြင်ပါ သနည်း။ နိုင်ငံတကာ စံညွှန်းများ အရ မည်သို့ ဖော်ပြထားသနည်း။

၃။ သင့်တွင် လွတ်လပ်စွာ ပြုလုပ်ခွင့် ပြောဆိုခွင့်ရှိသည်ဆိုခြင်းက သင့်လုပ်ရမည် (သို့) လုပ်သင့်သည် ဟု အဓိပ္ပာယ် ရပါသလား။အမြဲတမ်းကောင်းမွန်နိုင်မည်လို့သင်ထင်ပါသလား။

၄။ ဘာသာရေး အသရေဖျက်မှု ဥပဒေ ကို မည်သို့တလွဲအသုံးပြုနိုင်ပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ကို မည်သို့ ချိုးဖောက်နိုင်သနည်း။

၅။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် သည် အမျိုးသမီးများ အတွက် မည်သို့ သော အရာဖြစ်သနည်း။ သင်တို့ နိုင်ငံ အခြေအနေတွင် အမျိုးသမီးများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို မည်သို့ချိုးဖောက် ခံနေရသနည်း။

### အီဂျစ်နိုင်ငံတွင် ဘာသာရေးအသရေဖျက်မှုဖြင့် ဘာသာမဲ့များ ပြစ်ဒဏ်ချမှတ်ခံရ

အသက် ၂၀ ဝန်းကျင်ရှိ အစ်ဂျစ်နိုင်ငံသား ကျောင်းသားဖြစ်သူ ကာရင်မ်အလ် ဘန်နာ က ၄င်းသည် ဘာသာမဲ့ တစ်ဦး ဖြစ်ကြောင်း သူ၏ Facebook လူမှုကွန်ယက် စာမျက်နှာပေါ်တွင် တင်ထားခဲ့သည်။ နိုင်ငံပိုင် သတင်းစာမှ သူ နှင့် တကွ ဘာသာမဲ့များအဖြစ် စွပ်စွဲခံရသူ အချို့၏ နာမည်ကို ဖော်ပြခဲ့သည်။ အကျိုးဆက် အနေဖြင့် အလ်ဘန်နာ သည် အိမ်နီးချင်းများ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။ ၄င်းမှ အိမ်နီးချင်းများကို တိုင်ချက်ဖွင့်ရန် ကြိုးပမ်းခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ရဲ မှ အစ္စလမ်ဘာသာအား မလေးစားမှု နှင့် စော်ကား မှု ဝရမ်းဖြင့် ရဲမှ ဖမ်းဆီးလိုက်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ၄င်းအား အီဂျစ်နိုင်ငံ၏ ဘာသာရေးအသရေဖျက်မှု ဥပဒေဖြင့် ထောင်ဒဏ် ၃ နှစ် ချမှတ် ခံလိုက်ရသည်။ ၄င်းကို တရားစွဲဆိုစဉ် အခါကလည်း ၄င်း၏ ဖခင်ကိုယ်တိုင်က ၄င်းသည် အစ္စလမ်ဝါဒကို ဆန့်ကျင်သည့် အစွန်းရောက်ဝါဒ ရှိနေသူ အဖြစ် သက်သေထွက်ဆိုခဲ့သည်။အဆိုပါ စီရင်ချက်ကို၂၀၁၅ ခုနှစ် မတ်လ တွင်ယင်းစီရင်ချက် အတိုင်းသာပြစ်ဒဏ် ဆက်လက်ချမှတ်ခံခဲ့ရသည်။

ရင်းမြစ်များ - အီရှတ် အီဘရာဟင်၊ အီဂျစ်နိုင်ငံမှ Blasphemy ဖြစ်ရပ်များ ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၂၃ ရက်။

အီဂျစ်နိုင်ငံအခြေစိုက် Human Rights Watch အစီရင်ခံစာ - အီဂျစ်နိုင်ငံမှ ဘာသာမဲ့တစ်ဦး ၃ နှစ်ထောင်ဒဏ် ချမှတ်ခံရ ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁၃) ရက်။

# ၅။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့် ကို မည်သို့ အလွဲသုံးစားလုပ်ကြသနည်း။

အစိုးရတိုင်းတွင် ၎င်းတို့ နယ်နိမိတ်ပိုင်နက်အတွင်း လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ရမည့် အခြေခံတာဝန်ကြီးရှိနေကြသည်။ အစိုးရတစ်ရပ်သည် -

- လူ့အခွင့်အရေးကို လေးစားရမည်။ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းကို ရှောင်ကြဉ်ရမည်။
- လူ့အခွင့်အရေးကို ကာကွယ်ရမည်။ အစိုးရ သာမက အခြားမည်သူကမဆို တိုင်းပြည်အတွင်းနေထိုင်ကြသူအားလုံး၏ အခွင့်အရေးကို ချိုးဖောက်ခြင်းမှ ထိရောက်စွာ ကာကွယ်သည့် အခန်းကဏ္ဍ မှ ပါဝင်ရမည်။
- လူ့အခွင့်အရေးကို မြှင့်တင်ရမည်။ တိုင်းပြည်အတွင်းလူ့အခွင့်အရေး အကြောင်း သင်ကြားခြင်းအပြင် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုကို အားပေးအားမြှောက်ပြုရန် တာဝန်ရှိသည်။



ရံဖန်ရံခါတွင် အစိုးရကိုယ်တိုင် သည် လူ့အခွင့်အရေးများချိုးဖောက်သူဖြစ်နေတတ်သောကြောင့် ပြည်သူကိုယ်တိုင် က ၎င်းတို့၏ အခွင့်အရေးများကို သိနားလည်နေဖို့ လွန်စွာ အရေးကြီးသည်။လူ့အခွင့်အရေး ကြေညာစာတမ်း မူကြမ်းရေးဆွဲရေး ကော်မရှင် ကို တာဝန်ယူခဲ့ရသူ အယ်လင်နာရူဆဗဲ့ က ဆိုလျှင် လူ့အခွင့်အရေး ဆိုင်ရာ ထုတ်ပြန် ကြေညာချက်များ၊ ပြဋ္ဌာန်းချက်များအပေါ် ပြည်သူတို့၏ သဘောပေါက်နားလည်မှု လွန်စွာ အရေးကြီးပုံကို အလေးပေး ကာ "လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပြည်သူများက မသိလျှင်သော်လည်းကောင်း၊ ပြည်သူများက နားမလည်လျှင်သော်လည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်များအတိုင်း နေထိုင်နိုင်ဖို့ ပြည်သူများက တောင်းဆိုမှုမပြုလျှင်သော်လည်းကောင်း ယင်းပြဋ္ဌာန်းချက်များတွင် စွမ်းဆောင်နိုင်မှုမရှိ" ဟု ပြောကြားခဲ့သည်။

# ၅.၁ ကန်ဒလင်၏ ဖိစီးနှိပ်စက်မှုဆိုင်ရာ အဆင့်သုံးဆင့်

ဖိစီးနှိပ်စက်မှု ကို မည်သို့ အဓိပ္ပာယ်သတ်မှတ်မည် ၊ မည်သို့တိုင်းတာမည် စသည်တို့နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာမှသဘောတူညီထားခြင်းမျိုးမရှိပေ။ ထို့ကြောင့် ဖိစီးနှိပ်စက်မှုကို ကြုံတွေ့ရသည့်ယုံကြည်သူ အရေအတွက် ကို စာရင်းအင်းဖြင့် ဖော်ပြရာ၌အခက်အခဲရှိနေသည်။ သို့ရာတွင် ဖိစီးနှိပ်စက်မှုတွင် အမြဲပါနေခဲ့သော သွင်ပြင်လက္ခဏာ တစ်ခုမှာ အကြမ်းဖက်ခြင်း (သို့) အကြမ်းဖက်ရန် ခြိမ်းခြောက်မှုပြုခြင်း ဖြစ်သည်။အကြမ်းဖက်ခြင်း (သို့) အကြမ်းဖက်ရန် ခြိမ်းခြောက်မှုပြုခြင်း ဘက်သို့ ဦးတည်သည့်ဖြစ်စဉ်တွင် ပါဝင်လေ့ရှိသည့် ယန္တရားများ ကို ဖော်ပြနိုင်သည့် နည်းလမ်း တစ်ခုမှာ ယောဟန်ကန်ဒလင်၏ အဆင့်သုံးဆင့် ပါဝင်သော ပုံစံပင်ဖြစ်သည်။ အဆိုပါ ပုံစံ တွင် အဆင့်များကို တိုက်ရိုက် အဆင့် နှင့် သွယ်ဝိုက် အသွင်များဟူ၍ ခွဲခြားထားသည်။ အစိုးရမှ တိုက်ရိုက် ပါဝင် ပတ်သက်ကျူးလွန်ပါက ယင်းကို တိုက်ရိုက် အဆင့်အဖြစ် သတ်မှတ်ကာ ဖိစီးနှိပ်စက်မှုကို ကျူးလွန်သူမှာ ပုဂ္ဂလိက (သို့) အရပ်ဘက် လူ့အဖွဲ့အစည်းမှ ဖြစ်ကာ အစိုးရမှယင်းကို ရပ်တန့်စေရန် နှင့် ခံရသူများကို အကာအကွယ်ပေးရန် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း မပြုနိုင် ပါက ယင်းကို သွယ်ဝိုက် ပါဝင်ခြင်းဟု သတ်မှတ်သည်။ အဆင့်သုံးဆင့်မှာ တစ်ခါတစ်ရံ တစ်ချိန်တည်း ဖြစ်ပေါ်နိုင်သည်။

- မမှန်မကန်သတင်းဖန်တီးခြင်း- မီဒီယာ၊ သင်ရိုးညွှန်းတမ်းများ အပြင် နိုင်ငံရေးသမားများနှင့် အရာရှိများက လူနည်းစုကိုးကွယ်သည့် ဘာသာတရားနှင့် ပတ်သက်၍ လိမ်လည်ပြောဆိုမှုများနှင့် ပုံသေကားချထားသော ပုံရိပ်များ၊ ခွဲခြားဆက်ဆံသည့် အပြုအမူများကို ရှင်းချက်ထုတ်ပေးရန်ရည်ရွယ်သည့်ပြည်သူကြား ပျံ့နှံ့နေသည့်ကောလဟာလများ၊ ဘက်လိုက်မှုများနှင့် ရန်လိုမှုများ
- ခွဲခြားဆက်ဆံခြင်း - ဥပဒေပြုခြင်း၊ ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း နှင့် အများပြည်သူ ဝန်ဆောင်မှုများ၊ အလုပ်အကိုင်၊ ပညာရေး နှင့် မိသားစု ကိစ္စရပ်များ နှင့် ပတ်သက်သည်များတွင် ခွဲခြား ဆက်ဆံခြင်း
- အကြမ်းဖက်သော ဖိစီးနှိပ်စက်မှု- တစ်စုံတစ်ယောက်အား ၎င်း၏ဘာသာရေးနှီးနွယ်မှုအတွက် လူကို သော်လည်းကောင်း၊ ပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက် သော်လည်းကောင်း အကြမ်းဖက်ခြင်း(သို့) အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း။ သာဓက၊ ထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း၊ နေအိမ်မှ ဖယ်ရှားခံရခြင်း နှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများ။

# ၅.၂။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ပိုင်ခွင့် နှင့် ပတ်သက်သည့် ကန့်သတ်ချုပ်ချယ်မှုများ။

လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်သည် ဘာသာရေးလွတ်လပ်ခွင့် ကို ချိုးဖောက်ခြင်း ပြောက်မပြောက်တိုင်းတာရာ၌ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများနှင့် ကွာခြားမှုရှိသည်။ တစ်စုံတစ်ယောက်၏ ကိုးကွယ် သည့်ဘာသာကယင်းချိုးဖောက်မှုအတွက် အဓိက ကျမကျ မှာ အခြေခံကျလှသည်။ အကယ်၍ ဘာသာရေး လွတ်လပ်ခွင့် ချိုးဖောက်မှုပြောက်ခဲ့မည် ဆိုပါကလည်း သီးသန့် ဖြစ်သည်က ရှားသည်။ ယင်းကိုဆန်းစစ်ရန် မေးမြန်းနိုင်သည့် မေးခွန်းများစွာရှိသည်။အခြားဘာသာဝင်တစ်ဦး(သို့) ဘာသာတရားမရှိ သူတစ်ဦး သည် အလားတူ အခြေအနေမျိုးတွင်အလားတူ ဆက်ဆံခံရခြင်းရှိသလား၊ အခြားဘာသာဝင်များအနေဖြင့်အလားတူအခြေအနေမျိုးတွင်အခြားပုံစံအားဖြင့် ဆက်ဆံခံရခြင်းမျိုးရှိသလား ဟူ၍ မေးမြန်းနိုင်သည်။ ယင်းချိုးဖောက်မှု သည် ဘာသာရေးကို အဓိက ပစ်မှတ်ထားခြင်း မဟုတ်သည့်တိုင် ရလဒ်တွင်ဘာသာရေး လွတ်လပ်ခွင့် ကိုထိပါးလာမည်ဆိုပါက ယင်းသည် ပင်လျှင် ဘာသာရေးလွတ်လပ်ခွင့်ကိုချိုးဖောက်ရာပြောက်မည်ဖြစ်ပေသည်။

အချို့သော ကန့်သတ်ချုပ်ချယ်မှုများမှာ အစိုးရ၏လုပ်ဆောင်ချက်များ၊မူဝါဒများနှင့် ဥပဒေများမှ အခြေခံလာခြင်း ဖြစ်သည်။ အခြားသောကန့်သတ်ချုပ်ချယ်မှုများမှာမူ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများ နှင့် လူမှုအသင်းအဖွဲ့များမှ သော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများဖြစ်တတ်သည်။ the Pew Forum & Public Life ၏ ၂၀၁၂ ခုနှစ်ထုတ်အစီရင်ခံစာအရ အဆိုးရွားဆုံးသော ကန့်သတ်ချုပ်ချယ်မှုမျိုးစုံ ကို ဆော်ဒီအာရေးဗျ၊ အင်ဒိုနီးရှား နှင့် အာဖဂန်နစ္စတန် နိုင်ငံများတွင်အများဆုံးတွေ့ရသည်ဟုဆိုသည်။ဘာသာရေး ခံယူချက်နှင့် အဆုံးအမကျင့်သုံးမှုများနှင့် ပတ်သက်၍များစွာသော ကန့်သတ်ချုပ်ချယ်မှုများကို အစိုးရနှင့် လူ့အဖွဲ့အစည်းများကတွင်တွင်ကျင့်သုံးနေကြသည်ဟု ဆိုသည်။

သို့တိုင် အစိုးရ၏ မူဝါဒများနှင့် လူမှုအသိုင်းအဝိုင်းများ၏ ရန်လိုမှုများမှာ အတိုင်အဖောက်ညီညီသွားနေကြသည်တော့ မဟုတ်ပေ။ တရုတ်၊ အယ်ရီထရီယာ နှင့် မော်ဒစ်နိုင်ငံတို့တွင် အစိုးရမှ ဘာသာရေးဖိနှိပ်ချုပ်ချယ်မှုမြင့်မားလှသော်လည်း လူမှု အသိုင်း အဝိုင်းများမှ ရန်လိုအကြမ်းဖက်မှုတွင် အတော်အတန်နည်းပါးသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ယင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော လူမှုအသိုင်းအဝိုင်းမှ အကြမ်းဖက်မှုမြင့်မားပြီး အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုနည်းပါးသည့် အဖြစ်မှာ မူပို၍အဖြစ်နည်းသည်။

# ၅.၃။ အစိုးရ၏ ကန့်သတ်ချုပ်ချယ်မှုများ

အဆိုပါ ကန့်သတ်ချုပ်ချယ်မှုများတွင် ဆင်ဆာဖြတ်ခြင်း၊ ဘာသာတရားအကြောင်း ဆွေးနွေးမှုနှင့် သွတ်သွင်းမှုများအား တားမြစ်ပိတ်ပင်ခြင်း စသည့် ခွဲခြားဆက်ဆံသည့် ဥပဒေများမှ အနှောက်အယှက်ပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အငိုက်ဖမ်းတိုက်ခိုက်ခြင်း၊တစ်ဖက်သတ်အထင်အမြင်ဖြင့် အကျဉ်းချခြင်း နှင့် လျော့ကန်သည့် တရားစီရင်မှုများမရှိဘဲ အကျဉ်းချထားခြင်း စသည်တို့ အထိ မျိုးစုံပါဝင်နိုင်သည်။ အစိုးရများသည် ဘာသာရေး အခြေပြုအသိုင်းအဝိုင်းများ၏ အခြေခံလွတ်လပ်ခွင့် ကိုပိတ်ပင်သည့် နည်းလမ်းတစ်ခုအဖြစ် နေးကွေး လေးကန်သောမှတ်ပုံတင်ခြင်း စနစ် များကို အသုံးပြုလေ့ရှိသည်။ ယင်းက ဘာသာရေးအသင်းအပင်းများကို တရားဝင်အဖွဲ့များဖြစ်လာခြင်းမှ ပိတ်ပင်ထားကာ ဝန်ထမ်းများငှားရမ်းခြင်း၊ ဝတ်ပြုရန်နေရာများ ငှားရမ်းဝယ်ယူခြင်း စသည်တို့တွင် အခက်ကြုံစေသည်။ အချို့သော ဘာသာရေးအဖွဲ့များသည် မှတ်ပုံတင်ရရှိရန် ခက်ခဲလွန်းလှသဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာမှန်သမျှကို အာဏာပိုင်များက တရားမဝင်အဖြစ်သတ်မှတ်ကာ ပြစ်ဒဏ်ပေးအပ်၍ရသောအရာများအဖြစ် ပုံဖော်ကြသည်။ မကြာသေးမီ နှစ်များအတွင်းကအကြမ်းဖက်မှုနှိမ်နင်းရေးကို ဘာသာရေးလွတ်လပ်ခွင့်နယ်ပယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကျိုးကြောင်းပြချက်အဖြစ် တိုးချဲ့အသုံးပြု လာခဲ့ကြသည်။ ဥပဒေပြဋ္ဌာန်းချက်များ နှင့် အများပြည်သူဝန်ဆောင်မှုများ အကောင်အထည်ဖော်ရာနှင့် ပညာရေးစနစ်အပြင်အလုပ်အကိုင်အခွင့်အလမ်း များတွင် ဘာသာရေး လူနည်းစုများသည် ခွဲခြားဆက်ဆံမှုခံရနိုင်သည်။

# ၅.၄ ။ လူမှုအသိုင်းအဝိုင်း၏ ရန်လိုမှု

အစိုးရမဟုတ်သည့် အသိုင်းအဝိုင်းများကလည်းအနောက်အယှက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူ့အဖွဲ့အစည်း အလိုက်အကြမ်းဖက်ခြင်းနှင့် အတူ ဘုရားရှိခိုးသည့်နေရာများ၊ ပိုင်ဆိုင်မှုများနှင့် အချို့သော ဘာသာရေး အဖွဲ့ဝင်တစ်ဦးချင်း အား တိုက်ခိုက်ခြင်း စသည့်ပုံစံများဖြင့် ဘာသာရေးလွတ်လပ်ခွင့်အပေါ် ကန့်သတ်ပိတ်ပင်မှုများ ကို ပြုလုပ်နိုင်သည်။ အားနည်းသူ တစ်ဦးချင်းနှင့် အုပ်စုများ ကိုအကာအကွယ်ပေးရန် နှင့် အခွင့်အရေး ချိုးဖောက်သူများကို တရားစွဲဆိုရန် အာဏာပိုင်များတွင် ဆန္ဒ၊ သတ္တိ နှင့်အရည်အချင်း မရှိခြင်းကြောင့် အဆိုပါပုံစံဖြင့် တိုက်ခိုက်မှုများနှင့် အခွင့်အရေးချိုးဖောက်မှုများသည် အရေးယူခံရခြင်းမရှိဘဲ ဖြစ်ပွားနေသည့် သာဓကများစွာ ရှိသည်။ ဒဏ်ခတ်မခံရခြင်းက လူမှု အသိုင်းအဝိုင်းအလိုက် ရန်လိုမှု ကို အားပေးအားမြှောက်ပြုနေသည်။

# သုံးသပ်ဆွေးနွေးရန်မေးခွန်းများ

၁။ ဖြစ်ရပ်လေးခု ( စာ- ၅၊ ၁၃၊ ၁၉၊ ၂၃) တို့ကို ပြန်လည် ကိုးကားပြီး အောက်ပါတို့ကို ဆွေးနွေးပါ။

- ခံရသူသည် မည်သူဖြစ်သနည်း။ ခံရသူတွင် မည်သည့် အယူဝါဒ (သို့) ကိုးကွယ်သည့် ဘာသာရှိသနည်း။
- မည်သူက အများကျူးလွန်သူဖြစ်သနည်း။
- ယင်းအမှု တစ်ခုစီတွင် ဘာတွေ ဖြစ်သွားသည်ကို ဖော်ပြပါ။ ယင်းသည် မဟုတ်မမှန်သတင်းဖြန့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက် ဖိနှိပ်ခြင်းတို့ ထဲက တစ်ခုခု ဟုတ်ပါသလား။
- ဖြစ်ရပ်တစ်ခုချင်းစီတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ကို ချိုးဖောက်ရာတွင် အစိုးရသည်ကိုယ်တိုင်ကိုယ်ကျ ပါဝင် ခြင်း ရှိပါသလား။ သို့ မဟုတ်ကျူးလွန်သူများကိုတားဆီးခြင်းနှင့်ပြစ်ဒဏ်ပေးခြင်းမပြုခြင်း အားဖြင့် သွယ်ဝိုက် ပါဝင်ပါသလား။
- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြည့်မြောက်ရေး အချက် (၇) ချက်ထဲမှ မည်သည့် အချက်များကို ချိုးဖောက်ပါသလဲ။
- အခြား မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကို ခံရပါသလဲ။

၂။ သင်၏ လူမှုဝန်းကျင်တွင်လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အတွက် မည်သို့သောကန့်သတ်ချက်များ ရှိနေ ပြီး မည်သူတွေက ပြုလုပ်ပါသလဲ။ အဆိုပါ ကန့်သတ်ချက်များကို ခံစားရသူများမှာ မည်သူများ ဖြစ်သနည်း။ အစိုးရသည်မည်သို့သောအခန်းကဏ္ဍမှ ပါဝင်ပါသလဲ။

၃။ မဟုတ်မမှန် သတင်းဖြန့်ခြင်း ၊ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်ဖိနှိပ်ခြင်း တို့အတွက်သင့်ပတ်ဝန်းကျင် မှ ဖြစ်ရပ်သာဓက များကို ပြောပြပါ။

# ၆။ ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ

ကမ္ဘာတစ်ဝန်း ဘာသာရေးလွတ်လပ်ခွင့် နှင့် ပတ်သက်ပြီး စိန်ခေါ်မှုတွေ အဆမတန်ကြီးထွားလာသည် နှင့် အမျှ စိတ်ဓာတ်ခွန်အား ယုတ်လျော့ပြီးကျွန်တော်တို့ တတ်နိုင်တာ ဘာမှ မရှိပါဘူးဟူသော အမြင်ဖြင့် နိဂုံးချုပ် သွားနိုင်ရန် အင်မတန်လွယ်ကူပါသည်။ သတင်းကောင်းမှာကျွန်တော်တို့ အားလုံး တစ်စုံတစ်ရာတော့ လုပ်နိုင် ကြသည် ဟူသော အချက်ပင်ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်း ကို ရေးသားရေး တာဝန်ခံကော်မရှင် ၏ ခေါင်းဆောင် ဖြစ်သူ အဲလန်နာ ရူစဗဲ့ ကပြောကြားခဲ့သည်မှာ "လူ့အခွင့်အရေးကြေညာစာတမ်းသည် လူတွေက မသိ၊နားမလည် ဘဲယင်းတွင် ပါဝင်သည့်အခွင့်အရေးများကိုပါ တောင်းဆိုခြင်းမပြုပါကအချည်းအနှီးသာဖြစ်သည်" ဟု ဆိုခဲ့သည်။ ၄င်းထို့ကြောင့်လူ့အခွင့်အရေးနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် တို့သည် သင် နှင့် ကျွန်တော်၊ နောက်ကျွန်တော်တို့၏ အခွင့်အရေးအပေါ် ကျွန်တော်တို့၏ နားလည် သဘောပေါက်မှု တို့ဖြင့် စတင်ရမည် ဖြစ်သည်။ကျွန်တော်တို့သည်နိုင်ငံရေးသမားများ မဟုတ်သည့်တိုင် သာမန် ပြည်သူတစ်ယောက် ပင်ဖြစ်စေကာမူ ကျွန်တော်တို့အားလုံး တစ်စုံတစ်ရာတော့အကျိုးသယ်ပိုးနိုင်ကြသည်သာဖြစ်သည်။ လူ့အဖွဲ့အစည်း အတွင်းရှိ ကျွန်တော်တို့၏ နေရာအပေါ်တွင်မူတည်လျက်မတူညီသော နည်းလမ်းများဖြင့် လုပ်ဆောင်ကြရ မည်သာဖြစ်သည်။


နိုင်ငံရေးသမားများနှင့် မူဝါဒရေးဆွဲသူများသည်ဥပဒေပြုခြင်းနှင့် အကောင်အထည်ဖော်မှု တို့ကို လွှမ်းမိုးနိုင်ရန် ၄င်းတို့၏ တာဝန် နှင့် ရာထူး တို့ကို အသုံးချနိုင်သည်။ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာခေါင်းဆောင်များကလည်း မိမိတို့ ဘောင်အတွင်းမှ လုပ်ရှားနိုင်သည်သာဖြစ်သည်။

လုပ်ရှားနိုင်သည်သာဖြစ်သည်။ သင်နှင့် ကျွန်ုပ် အပါအဝင် အရပ်ဘက် လူ့အဖွဲ့အစည်း များမှတက်ကြွလှုပ်ရှားသူများသည် ကျွန်တော်တို့၏ ကိုယ်ပိုင်အခွင့် အရေးများကို တောင်းဆိုခြင်းဖြင့် တိတ်ဆိတ်စွာ အခွင့်အရေးချိုးဖောက်ခံရသူများ အတွက် ကိုယ်စားပြု တောင်းဆိုပေးနိုင်မည်ဖြစ်ပြီး အစိုးရများနှင့် တာဝန်ရှိသူများအား တာဝန်ခံခိုင်းနိုင်မည်ဖြစ်သည်။ အခွင့်အရေး ချိုးဖောက်ခံရမှုများကို မီးမောင်းထိုးပြကာ ပြောင်းလဲရန်အတွက် တာဝန်ရှိသူများအား ဖိအားပေးနိုင်မည်ဖြစ် သည်။ အခြားသော သူများပါဝင်လာစေရန် အတွက်လည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အပြင် မည်သို့ ချိုးဖောက် လေ့ရှိသည် နှင့် ပတ်သက်ပြီး အသိရေချိန်မြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နောက်ဆုံး အနေဖြင့် ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး လေးစားသမှု ဖြင့် ဆက်ဆံခြင်းအားဖြင့်ကျွန်တော်တို့ကိုယ်တိုင်အတွက်တောင်းဆိုသောအခွင့်အရေးများကို အခြားဘာသာရေး နှင့် ယုံကြည်မှုရှိသူ များအား ပေးစွမ်းနိုင်မည်ဖြစ်သည်။

## PEW charter

Circles are sized proportionally to each country's population (2013)




*Source: "Latest Trends in Religious Restrictions and Hostilities" Pew Research Center, Washington, DC (February, 2015), www.pewforum.org/files/2015/02/Restrictions2015_fullreport.pdf © Pew Research Center*

အထက်ပါဇယားသည် ကမ္ဘာပေါ်ရှိ လူဦးရေ အထူထပ်ဆုံးနိုင်ငံများတွင် လူမှုရေး အခိကရုဏ်းများ(Y-ဝင်ရိုး) နှင့် အစိုးရကန့်သတ်ချုပ်ချယ်မှုများ (X-ဝင်ရိုး) တို့၏ ဆက်စပ်ပုံအဆင့်များကိုဖော်ပြထားသည်။ပုံတွင်မြင်တွေ့ရသည့်အတိုင်းပင်ဇယား၏ ညာဘက်ခြမ်းအပေါ်ပိုင်းရှိနိုင်ငံများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်(FoRB) နှင့် ပတ်သက်ပြီး အစိုးရ၏ ကန့်သတ်ချုပ်ချယ်မှုအများဆုံးရှိနေသောနိုင်ငံများဖြစ်သည်။

### မက္ကဆီကိုနိုင်ငံတွင် ပရိုတက်စ်တန့်များအား ကက်သလစ် များ မှ ဖိစီးနှိပ်စက်ခြင်း

ပရိုတက်စ်တန့် မိသားစု ၂ စု ( မိသားစုဝင် စုစုပေါင်း ၁၀ ဦး ) အား ရပ်ကွက်တွင်းရှိ ကက်သလစ် ဘာသာဝင် များမှ ဖယ်ရှားခိုင်းမှု တစ်ရပ် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် မက္ကဆီကိုနိုင်ငံ၊ San Cristobal de las Casas municipality အတွင်းရှိ La Florecilla ကက်သလစ် ရပ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့သည်။ ကက်သလစ် နှင့် ပရိုတက်စ်တန့် တို့သည် ခရစ်ယာန်ဘာသာ၏ အဓိက ဂိုဏ်းဂနများ ဖြစ်ကြပြီး မက္ကဆီကိုနိုင်ငံသည် ကက်သလစ်ဘာသာဝင်များ အများစုနေထိုင်သည့်နိုင်ငံဖြစ်သည်။ အဆိုပါ မိသားစု နှစ်စုသည် ၄င်းတို့၏ ကိုးကွယ်မှုကြောင့် နှစ်ပေါင်းများစွာ အနှောက်အယှက်ပြုခြင်းနှင့် ခွဲခြား ဆက်ဆံမှု ပုံစံမျိုးစုံတို့ကို ခံခဲ့ရသည်။ သောက်သုံးရေ နှင့် လျှပ်စစ်မီး အဖြတ်ခံရခြင်း၊ အလစ်ချောင်း အရိုက် အနက်ခံရခြင်းအပြင် ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးထောင်ချ ခံရခြင်း တို့ကိုပါ ခံခဲ့ရသည်။ နောက်ဆုံးတွင် ကျေးရွာ အာဏာပိုင်များမှ ၄င်းတို့၏ ပရိုတက်စ်တန့် ဘာသာဝင်ဖြစ်ခြင်းကို မစွန့်လွှတ်ပါ က နေရပ်မှ စွန့်ခွာသွားရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ အဆိုပါ မိသားစု များသည် ၄င်းတို့၏ ယုံကြည်မှုကို မစွန့်လွှတ်လို သဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နှင်ထုတ် ခံခဲ့ရသဖြင့် နေအိမ်မှ စွန့်ခွာခဲ့ရသည်။ ရပ်ရွာအာဏာပိုင်များနှင့် နိုင်ငံအစိုးရထံ တိုင်တန်းမှုများ ပြုလုပ်ခဲ့သော်လည်းယင်း မိသားစုများ၏ အခွင့်အရေးကို ကာကွယ်ရန် အတွက် တစ်စုံတစ်ရာ အရေးယူဆောင် ရွက်မှုများ မရှိပေ။

ရင်းမြစ် ။ ။ Christian Solidarity Worldwide ၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ထုတ် သတင်းထုတ်ပြန်ကြေငြာချက်

"ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးတွေဟာ ဘယ်က စတာပါလဲ။ တကယ်တော့အိမ်တွေနဲ့အင်မတန်နီးကပ်တဲ့နေရာသေးသေး လေးတွေကစတာပါပဲ။အရပ်ကို နီးကပ်နေပြီးအရပ်ကိုသေး ငယ်နေတဲ့အတွက်ကြောင့် ကမ္ဘာ့မြေပုံမှာ ရှာ လို့ မတွေ့နိုင် အောင်ပါပဲ။ သို့တိုင် အဲ့ဒီအခွင့်အရေးတွေဟာ တစ်ဦးတစ် ယောက် ချင်းစီ အတွက်ကတော့ တစ်ကမ္ဘာဖြစ်ပါတယ်။ သူနေထိုင်ရာ ပတ်ဝန်းကျင်၊ သူတက်တဲ့ ကောလိပ် (သို့) ကျောင်း၊ သူအလုပ်လုပ်နေတဲ့ စက်ရုံ ယာခင်း (သို့) ရုံး လည်းဖြစ်နေပါတယ်။အဲ့လိုနေရာတွေဟာဘယ်လိုအမျိုးသား အမျိုးသမီး နဲ့ ကလေးငယ်တွေအတွက် မဆို ညီမျှတဲ့တရား မျှတမှု၊တန်းတူညီတဲ့အခွင့်အရေး၊ ခွဲခြားမခံရဘဲလူသားဂုဏ် သိက္ခာစတာတွေကို အပြည့်အဝ ရရှိဖို့ ရှာဖွေကြတဲ့နေရာပဲ ဖြစ်ပါတယ်။ ဒီအခွင့်အရေးတွေဟာအဲ့ဒီလိုနေရာတွေမှာအဓိ ပ္ပာယ် ပြည့်ဝမနေဘူးဆိုရင်တော့တခြားနေရာတွေမှာလည်း အနက်အဓိပ္ပာယ်ကမရှိသလောက်အားနည်းသွားမှာပါ။သက် ဆိုင်ရာ နိုင်ငံသားအနေနဲ့ ဒီအခွင့်အရေးတွေကို အိမ်နဲ့နီးနီး ကပ်ကပ်မှာအပြည့်အဝထိန်းသိမ်းထားနိုင်ဖို့မကြိုးစားနိုင်ဘူး ဆိုရင်တော့ တစ်ကမ္ဘာလုံး နဲ့ ချီသွားတဲ့ အခါ တိုးတက်မှုက ပြောစမှတ်ပြုရလောက်အောင် ဘယ်တော့မှရှိလာမှာ မဟုတ် ပါဘူး။"

အဲလန်နာ ရူစဗဲ့

"အမြော်အမြင်ကြီးမားပြီး တကယ်ပေးဆပ်တဲ့ အနည်းငယ်သော လူတစ်စုက ကမ္ဘာကြီးကို မပြောင်းလဲပစ်နိုင်ဘူးလို့မထင်ပါနဲ့။ တကယ့် တကယ်က ယခုအချိန်ထိအပြောင်းအလဲတစ် ခုခု ကို ဖြစ်စေနိုင်တာက အဲ့လို လူစုလေးတွေ ပါပဲ"

မာဂရက် မိဒ်

# သုံးသပ်ဆွေးနွေးရန် မေးခွန်းများ

၁။ လူတိုင်းအတွက် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အပြည့်အဝရရှိခံစားနိုင်ဖို့ရန် အတွက် ဘာတွေကို ပြောင်းလဲဖို့ လိုသလဲ။ ဒါကို ဘယ်လို လုပ်လို့ ရမလဲ။

၂။ ဒီလို အပြောင်းအလဲအတွက် သင်ဘာ လုပ်နိုင်မလဲ။ ဖြစ်လာနိုင်ချေရှိတဲ့ အန္တရာယ်တွေက ဘာတွေလဲ။

၃။ သင့်နိုင်ငံမှာ ရှိတဲ့ လူများစုမဟုတ်သော တခြား ဘာသာရေး အုပ်စုတွေ (သို့) ယုံကြည်မှု အသိုင်းအဝိုင်းတွေအကြောင်းကို တွေးကြည့်ပါ။မည်ကဲ့သို့ သောမလိုမုန်းထားခြင်းတွေ ခံရများ ပါသလဲ။

၄။ အခြား ဘာသာရေး အစုအဖွဲ့(သို့)ယုံကြည်မှု အသိုင်းအဝိုင်း တွေက တစ်စုံတစ်ယောက် ကိုသင်သိကျွမ်းတာများရှိပါသလား။ ဘာကြောင့် သိတာလဲ။ဘာကြောင့် မသိတာပါလဲ။ သူပတ်သက် ပြီး သင့်မှာ ရှိတဲ့ မလိုမုန်းထားမှုတွေက ဘာတွေရှိလဲ။ ဘာဖြစ် လို့လဲ။ ဒါတွေကိုသင်ဘယ်လိုနည်းနဲ့ကျော်လွှားသွားနိုင်မလဲ။

၅။ သင်သည် လူနည်းစု ဘာသာဝင်တစ်ဦးဖြစ်ပါက သင်ကိုယ်တို င်ရဲ့ ယုံကြည်ကိုးကွယ်မှု နဲ့ အလားတူ ဘာသာတရားရှိတဲ့သူ တွေ မှာကော ဘယ်လို မလိုမုန်း ထားမှု နဲ့ ကြုံတွေ့ရလေ့ရှိပါ သလဲ။

# ၇။ ပို၍ နက်ရှိုင်းစွာ တူးဆွ ကြည့်ခြင်း

သင်လည်း တွေ့မြင်ခဲ့သည့်အတိုင်းပင် အခန်းတစ်ခုစီ၏ အဆုံးတွင် ပြန်လှန်သုံးသပ် ဆွေးနွေးရန် မေးခွန်း ကဏ္ဍများ ပါဝင်နေသည်။ ယင်းမေးခွန်းများကို အချိန်ယူ သုံးသပ်ဆွေးနွေးကြည့်ပါ။ လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်မှာ မည်သည့်အရာ ဖြစ်သည်၊လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်သည် တစ်ဦးချင်းစီအဆင့်တွင်မည်သည့်အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်၊လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အခြေအနေ ကို သင်၏ လူမှု အသိုင်းအဝိုင်းတွင် မည်သို့ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်နှင့်ပိုမိုကောင်းမွန်သည့်လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်ရရှိနိုင်သည့်အခြေအနေကိုမည်သို့ဖန်တီးနိုင်မည် စသည်တို့နှင့်ပတ်သက်ပြီး ပိုမိုနက်ရှိုင်းသည့်နားလည် သဘောပေါက်မှု ကို ပေးစွမ်းသွားမည်ဖြစ်သည်။

လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့် နှင့်ပတ်သက်ပြီး ထို့ထက် ပိုမိုနက်ရှိုင်းစွာ လေ့လာလိုပါက လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ စိတ်ဝင်စားဖွယ် အစီရင်ခံစာများ ကို www.stefanus.no/forb တွင် ရှာဖွေနိုင်သည်။လွတ်လပ်စွာယုံကြည် ကိုးကွယ် ခွင့်ကို အသားပေးသည့် လူ့အခွင့်အရေး ပညာပေးခြင်း လုပ်ဆောင်လိုသူများအနေဖြင့်လည်းအသုံးပြုနိုင်သည့်ရင်းမြစ်များနှင့် လေ့ကျင့်ခန်း ပုံစံများကို အဆိုပါ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်မည်ဖြစ်သည်။

“ "လူတစ်ဦးတစ်ယောက်ချင်းစီတွင် လွတ်လပ်စွာ တွေးခေါ်၊ ယူဆ ခွင့်နှင့် ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးတွင် တစ်စုံတစ်ယောက်၏ ဘာသာ (သို့) ယုံကြည်မှု ပြောင်းလဲပိုင်ခွင့်၊ မိမိကိုးကွယ်ရာ ဘာသာ (သို့) ယုံကြည်မှု၏ အဆုံးအမ အား တစ်ဦးတည်းသော်လည်းကောင်း၊ အများနှင့် စုပေါင်း သော်လည်းကောင်း ကျင့်သုံးပိုင်ခွင့်ရှိသည်။ " (ကုလသမဂ္ဂ အခြေခံလူ့အခွင့်အရေး ကြေညာစာတမ်း၊ အပိုဒ် ၁၈)

# Endnotes

1 Grim B. J., 2008. God's Economy. In Marshall, P. (ed), 2008. Religious Freedom in the World

2 Morningstar News, 30.4.2015, http://morningstarnews.org/2015/04/hindu-extremist-attack-in-assam-state-india-depletes-village-of-christians/

3 Forum 18 News Service, 4.12.2014; http://www.forum18.org/archive.php?article_id=2021

4 Christian Solidarity Worldwide (CSW) 2015, "Freedom of religion or belief in Vietnam: The alternative report"

5 Reuters, 13.01.2015, http://www.reuters.com/article/2015/01/13/us-yemen-bahais-idUSKBN0KM1P020150113

6 Glendon, M. A., 2002 A World Made New

7 Novak/Vospernik, 2004. Permissible Restrictions on Freedom of Religion or Belief. In: Lindholm, T. W., Durham, C., Tahzib-Lie, B. G., (eds), 2004. Facilitating Freedom of Religion or Belief: A Deskbook. P. 147.

8 Marshall, P., 2008. The Range of Religious Freedom. In: Marshall, P. (ed), 2008. Religious Freedom in the World.

9 Pew Research Center's Forum on Religion & Public Life, 2015. Latest Trends in Religious Restrictions and Hostilities.

10 Cash, K., 2009. Faith, Freedom and Change, Swedish Mission Council. http://www.missioncouncil.se/; Marshall, P., 2008.The range of Religious Freedom. In: Marshall, P. (ed), 2008. Religious Freedom in the World.

11 Malloch, T., 2008. Free to choose: Economics and Religion. In: Marshall, P. (ed), 2008. Religious Freedom in the World

12 Grim, B. J., 2008. God's Economy. In: Marshall, P. (ed), 2008.Religious Freedom in the World

13 Grim, B. J., 2008. God's Economy. In: Marshall, P. (ed), 2008. Religious Freedom in the World; Grim, B. J., Finke, R., 2011. The Price of Freedom Denied

14 United Nations Human Rights Committee, General Comment No. 22 (2)

15 UDHR, art. 18, General Comment 22 (5)

16 Rapporteur's Digest on Freedom of Religion or Belief: excerpt of the reports from 1986-2011 by the Special Rapporteur on Freedom of Religion of Belief

17 Ghanea, N., Lindholm, T., Durham, C., Tahzib-Lie, B. G, 2004. Introduction. In: Lindholm, T., Durham, C., Tahzib-Lie, B. G (eds), 2004. Facilitating Freedom of Religion or Belief: A Deskbook

18 Swedish Mission Council, 2010. What Freedom of Religion involves and when it can be limited. A quick guide to religious freedom.

19 UDHR, art. 18; ICCPR art 18 (1); ECHR, art 9 (1), General Comment 22 (3, 5)

20 ICCPR, art. 18; General Comment 22 (4); 1981 Declaration art. 6

21 ICCPR, art. 18 (2); General Comment 22 (5); 1981 Declaration, art. 1 (2)

22 UDHR, art 2; ICCPR, art 2, 5, 26 and 27; 1981 Declaration art. 2-4; General Comment 22, art. 2; ECHR, art 14

23 CRC, art 14 (2); ICCPR 18(4); General Comment, art 6; 1981 Declaration, art 5

24 Ghanea, N., Lindholm, T., Durham, C., Tahzib-Lie, B. G, 2004. Introduction. In: Lindholm, T., Durham, C., Tahzib-Lie, B. G (eds), 2004. Facilitating Freedom of Religion or Belief: A Deskbook; ICCPR 18(1)

25 General Comment 22 (11)

26 http://www.ag.gov.au/RightsAndProtections/HumanRights/PublicSectorGuidanceSheets/Pages/Absoluterights.aspx

27 ICCPR, art. 4(2); General Comment 22, art. 3 and 8

28 ICCPR, art. 18(3); ECHR, art. 9(2); General Comment 22, art. 3, 8

29 H. Bielefeldt, 2013, Misperceptions of Freedom of Religion or Belief in Human Rights Quarterly, Volume 35 no 1

30 Lindholm, T., 2004. Philosophical and Religious Justification for Freedom of Religion or Belief. In: Lindholm, T., Durham, C., Tahzib-Lie, B. G., (eds), 2004. Facilitating Freedom of Religion or Belief: A Deskbook.

31 ICCPR, art. 20

32 A/68/290 Interim report of the Special Rapporteur on Freedom of Religion or Belief, August 2013

33 ICCPR art. 20

34 Rabat Plan of Action on the prohibition of advocacy of national, racial or religious hatred that constitutes incitement to discrimination, hostility or violence, 2012, http://www.un.org/en/preventgenocide/adviser/pdf/Rabat_draft_outcome.pdf

35 H. Bielefeldt, 2013, Misperceptions of Freedom of Religion or Belief in Human Rights Quarterly, Volume 35 no 1

36 A/68/290 Interim report of the Special Rapporteur on Freedom of Religion or Belief, August 2013

37 Swedish Mission Council, 2014 «Religionsfrihet för alla – så kan Sveriges utrikespolitik stärkas»

38 Pew Research Center's Forum on Religion & Public Life, 2014. Religious Hostilities Reach Six Years High

39 Rapporteur's Digest on Freedom of Religion or Belief: excerpt of the reports from 1986-2011 by the Special Rapporteur on Freedom of Religion of Belief

40 Candelin, J., 2005. World Evangelical Alliance: Geneva Report 2005. A perspective on global religious freedom: challenges facing Christian Communities.

41 Marshall, P., 2008. The nature of religious freedom. In: Marshall, P. (ed), 2008. Religious Freedom in the World

42 Pew Research Center's Forum on Religion & Public Life, 2015. Latest Trends in Religious Restrictions and Hostilities.

43 Glendon, M. A., 2001. A World Made New. P. xix

# နိဂုံးချုပ် အမှာစကား

ကမ္ဘာပေါ်ရှိ သန်းထောင်ပေါင်းများစွာသော လူသားတို့ အတွက် ဘာသာတရားသည် ၎င်းတို့ ဘဝ၏ အရေး အကြီးဆုံး ကဏ္ဍများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ဘာသာတရားသည် ၎င်းတို့ အသက်ရှင်သန်ရခြင်း၏ ရည်ရွယ်ချက်များကို ချမှတ်ပေးသည်။ ထို့အပြင် ဘာသာ တရား အဆုံးအမသည် လူအများအတွက် ဘဝ၏အကြီး မားဆုံး မေးခွန်းများကို ဖြေပေးပြီး အသိုင်းအဝိုင်းတစ်ခု အတွင်း ပါဝင်ခြင်း ခံစားမှု နှင့် မိတ်သင်္ဂဟ ဖွဲ့ခြင်းတို့ကို လည်း ပေးစွမ်းသည်။တစ်ဖက်တွင်လည်း ဘာသာတရား ကို မလိုအပ်သူများလည်းရှိသည်။ ဘာသာတရား မရှိဘဲ ဘဝ အဓိပ္ပာယ်ကို ရှာဖွေနိုင်ကြပြီး ရှင်သန်ရခြင်း၏ အဓိပ္ပာယ်ကို ရှာတွေ့သူများလည်းရှိသည်။

အထက်ပါ လူသားများ အားလုံးအတွက် လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့် သည် အရေးပါပြီး ယုံကြည်မှု ရှိ သူများ နှင့် မရှိသူများ အတွက် ညီမျှစွာ အရေးပါသည်။ ဤ စာအုပ်ငယ်သည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် တွင် အကျုံးဝင်သည့် အရာများကို ပိုမိုကောင်းမွန်စွာ နားလည်ရန် အထောက်အကူပြုသည့် အ ပြင် အဆိုပါ အခြေခံလူ့အခွင့်အရေး ကို အကာအကွယ်ပေးရန် နှင့် မြှင့်တင်ရန် အရေးပါပုံ တို့ ကို နားလည်ရန်အထောက် အကူပြုနိုင်မည် ဟု ကျွန်တော်တို့ အနေဖြင့် မျှော်လင့် မိပါသည်။



Chin Human Rights Organization
ချင်းလူ့အခွင့်အရေးအဖွဲ့
CHRO.CA

Stefanus Alliance International
www.stefanus.no

together for the persecuted